# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇွန်လ ၂၀၂၄ ခုနှစ်

HURFOM

Human Right Foundation of Monland June 2024

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## စစ်ကောင်စီတပ်က အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လာသည်နှင့်အမျှ အမျိုးသမီးနှင့် ကလေး သူငယ်များသည် ပို၍ပို၍လုံခြုံမှုကင်းမဲ့လာသည်။

ဇွန်လ ၂၀၂၄

### စစ်ကောင်စီက အမျိုးသမီးနှင့် ကလေးသူငယ်များကို ပစ်မှတ်ထားတိုက်ခိုက်လာခြင်း

The Internal Displacement Monitoring Center ၏ ခန့်မှန်းသုံးသပ်ချက်အရ မြန်မာတနိုင်ငံလုံးတွင် ပြည်သူ (၃) သန်းနီးပါးသည် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။ The Committee for Internally Displaced Karen People (CIDKP) အဖွဲ့အပါအဝင် ဒေသခံအဖွဲ့အစည်းများ၏တင်ပြချက်အရမူ အဆိုပါအရေအတွက်ထက် ပိုမိုများပြားနိုင်သည်။ ကရင်ပြည်နယ်တစ်ခုတည်းတွင်ပင် စစ်ဘေးရှောင်ပြည်သူဦးရေ (၁) သန်းကျော်ရှိနေကြောင်း ၎င်းအဖွဲ့၏ အချက်အလက်များက ဖော်ပြနေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံရရှိထားသည့်အချက်အလက်များအရလည်း မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် နာကြည်းစရာများနှင့် မသေချာမရေရာမှုများသည် အမြောက်အမြားဖြစ်ပွားလျက်ရှိသည်။

လက်နက်ကိုင်တော်လှန်ရေးသည် အရှိန်ရလာပြီး အောင်ပွဲများရရှိလာချိန်တွင် ဗမာစစ်သားများသည် အမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် ဒေသခံပြည်သူများကို ပစ်မှတ်ထား အကြမ်းဖက်လာသည်။ ပြည်သူများသည် နေအိမ်၊ ဘာသာရေးအဆောက်အဦး၊ ဆေးရုံဆေးခန်းများနှင့် စာသင်ကျောင်းများပါမကျန် နေရာအနှံ့တွင် သတ်ဖြတ်ခံ နေရသည်။

ဇွန်လအစောပိုင်းတွင် ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ မူလတန်းကျောင်းတစ်ခုတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီး တတိယတန်းကျောင်းသားတစ်ဦး သေဆုံးကာ (၂၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဗုံးပေါက်ကွဲမှုဟု ယူဆရသော အဆိုပါပေါက်ကွဲမှုသည် နေ့လည်ထမင်းစားကျောင်းဆင်းချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲသည့်အကြောင်းရင်းကိုမူ အတိအကျမသိရချေ။ စာသင်ကျောင်းသည် စစ်ကောင်စီတပ်ဖွဲ့ဝင်များ တပ်စွဲထားရာ စစ်ဆေးရေးဂိတ်အနီးတွင် တည်ရှိနေပြီး စစ်လက်နက်လက်ကျန်ပစ္စည်းများကြောင့် ပေါက်ကွဲမှုဖြစ်ပွား ခဲ့ကြောင်း ဒေသခံများက ခန့်မှန်းပြောဆိုနေကြသည်။

၂၀၂၃ နှစ်လည်ပိုင်းခန့်တွင်လည်း ပုလောမြို့နယ် ပလမြို့ရဲစခန်းအနီးရှိ ပန်းခြံတစ်ခုတွင် အလားတူပေါက်ကွဲမှုမျိုး ဖြစ်ပွားခဲ့ပြီး ပန်းခြံတွင်ဆော့ကစားနေသည့် ကလေးငယ် (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မြန်မာနိုင်ငံရှိ ကလေးသူငယ်များသည် **"ကလေးတို့သဘာဝ"** ကို ဆုံးရှုံးနေရပြီး ၎င်းတို့ဆော့ကစား ပညာသင်နေသည့်နေရာများတွင် တိုက်ခိုက်ခြင်းခံနေရသည်။ သင့်လျော်ကောင်းမွန်သည့် လုံခြုံမှုနှင့် အကာအကွယ်ပေးခံရမှု အခွင့်အရေးများ ဆုံးရှုံး နေကြရသည်။

ဇွန် (၂၆) ရက်နေ့တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက **"Voice Up"** စာစဉ် ဒုတိယစာစောင်ကို ထုတ်ဝေခဲ့သည်။ အမျိုးသမီး အနည်းဆုံးအယောက် (၂၀) သည် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး (၁၆) ဦးသည် သတ်ဖြတ်ခံခဲ့ရသည်။ အမျိုးသမီး (၁၈) ဦး မတရားဖမ်းဆီးခံခဲ့ရပြီး တရားလက်လွတ်ချုပ်နှောင်ထိန်းသိမ်းခံခဲ့ရသည်။

## ဇွန်လ ၂၀၂၄

သတ်ဖြတ်ခံရသူအများစုမှာ နေအိမ်တွင်ရှိနေစဉ် စစ်ကောင်စီက ရမ်းသမ်းပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့ရခြင်း ဖြစ်သည်။

အရပ်သားများနေထိုင်ရာကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် ဒေသခံပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် အသက်ရှင်သန်မှုတို့ကို ခြိမ်းခြောက်နေခြင်း ဖြစ်သည်။ အမျိုးသမီးနှင့် ကလေးသူငယ်များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် နေအိမ်တွင်နေထိုင်နေသူများ၊ တနိုင်တပိုင် စီးပွားရေးလုပ်ကိုင်နေသူများနှင့် လယ်ယာစိုက်ပျိုး လုပ်ကိုင်သူများကို တိုက်ခိုက်ခြင်းလည်း ဖြစ်သည်။

ဇွန်လ (၂) ရက်နေ့ နံနက်ပိုင်းတွင် ကျိုက်ထိုမြို့နယ်၌ တော်လှန်ရေးအင်အားစုများက သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းနှင့် အမှတ် (၂၀၇) ခြေမြန်တပ်ရင်းတို့ကို တိုက်ခိုက်ခဲ့သည်။

တန်ပြန်သောအားဖြင့် စစ်ကောင်စီတပ်က သုံးခွ၊ ဝါးဒက်ကွင်း၊ စစ်ကွင်း၊ အခိုင်၊ မုက္ခမော့နှင့် ခရွဲစသည့်ကျေးရွာများကို လက်နက်ကြီးဖြင့် နေ့ရောညပါ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၂၆) နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည့် ကိုယ်ဝန် (၆) လလွယ်ထားသူ မခင်လေးရီသည် ဘယ်ဖက်ခြေထောက်တွင် လက်နက်ကြီးစထိမှန်ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၎င်းပြင် ဇွန်လ (၃) ရက်နေ့တွင် သုံးခွကျေးရွာမှ ကက်သလစ်သီလရှင် (၁) ပါးနှင့် ဝါးဒက်ကွင်းကျေးရွာမှ အသက် (၂၀) အရွယ် လူငယ်တစ်ဦးတို့ လက်နက်ကြီးထိမှန်ခဲ့ပြန်သည်။

**"လက်နက်ကြီတွေက ဒီနေ့(ဇွန်လ (၅) ရက်နေ့)အထိ ဆက်တိုက်ပစ်နေတာ။ ရွာသားတွေလည်း လက်နက်ကြီးသံကြားတာနဲ့ ဖုံးခိုကျင်းထဲ ပြေးပုန်းကြတာပဲ။ မနေရဲတဲ့ သူတွေကတော့ ရှောင်ကုန်ကြပြီ"** ဟု မုက္ခမော့ရွာသား တစ်ဦးက ပြောသည်။

လက်နက်ကြီးကြောင့် သုံးခွကျေးရွာမှ နေအိမ် (၃) လုံးနှင့် စစ်ကွင်းကျေးရွာမှ နေအိမ် (၂) လုံး ထိခိုက်ပျက်စီးခဲ့ရပြီး ဒေသခံပြည်သူအများအပြား အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။

ကျိုက်ထိုမြို့နယ်တွင် ပြီးခဲ့သည့်မေလကလည်း စစ်ကောင်စီက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ဒေသခံပြည်သူ (၁) ဦး သေဆုံးခဲ့ပြီး (၇) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်ထားသည်။

တဖန် ဇွန်လ (၁၄) ရက်နေ့ နေ့လည် (၁) နာရီအချိန်တွင် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီး (၂) ရမ်းသမ်းပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၁၄) နှစ်အရွယ် မနန္ဒာလင်းသည် ပွဲချင်းပြီးသေဆုံးခဲ့ပြီး အသက် (၁) နှစ်ခွဲအရွယ်ရှိ မရွှေဇင်လေးသည် မစိုးရိမ်ဒဏ်ရာရရှိခဲ့သည်။

**"သူတို့မိဘတွေကတော့ ယူကျုံးမရဖြစ်နေတာပေါ့"** ဟု ကျိုက်ထိုဒေသခံတစ်ဦးက ပြောသည်။

၎င်းနေ့တွင်ပင် အမှတ် (၃၁၀) အမြောက်တပ်ရင်းနှင့် အမှတ် (၂၀၇) ခြေမြန်တပ်ရင်းတို့က တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ သုံးခွကျေးရွာနှင့် အနီးတဝိုက်ကို လက်နက်ကြီး (၁၅) လုံးထက်မနည်း ရမ်းသမ်းပစ်ခတ်ခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးမှ တာဝန်ရှိသူများက ပြောသည်။

**"လူနေကျေးရွာတွေကို တိုက်ပွဲရှိရှိ မရှိရှိ ဘယ်လိုအကြောင်းကြောင့်မှ လက်နက်ကြီးနဲ့ပစ်ခွင့် မရှိပါဘူး။ ဒီလုပ်ရပ်က လူ့အခွင့်အရေးနဲ့ ပြည်သူတို့ရဲ့လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ကို ချိုးဖောက်နေတာပဲ"** ဟု သထုံခရိုင်ကရင်အမျိုးသား အစည်းအရုံး၏ အတွင်းရေးမှူးဖြစ်သူ စောအေးနိုင်က ပြောသည်။

## ဇွန်လ ၂၀၂၄

ဇွန်လ (၁၂) ရက်နေ့တွင် သိမ်ဇရပ်အခြေစိုက် အမြောက်တပ်ရင်းက ပစ်ခတ်လိုက်သည့် လက်နက်ကြီး ကြောင့် ပိန္နဲကုန်းကျေးရွာမှ အသက် (၆၄) နှစ်အရွယ် ဦးသန်းဦးနှင့် သမီးဖြစ်သူ အသက် (၃၁) နှစ်အရွယ် မရီရီ ဝင်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့ကို သိမ်ဇရပ် ဆေးရုံတွင် ဆေးကုသမှုပေးလျက်ရှိသည်။

လဝွန်းအိန်စာစဉ်၏ ဇွန်လ (၁၂) ရက်နေ့ထုတ်ပြန် ချက်အရ မေလတစ်လတည်းတွင်ပြင် မွန်ပြည်နယ်၌ စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် ပြည်သူ (၁၃) ဦး သေဆုံးပြီး (၄၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရ သည်။

တနင်္သာရီတိုင်း ရေဖြူမြို့နယ်အနီးတွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲ တွင် မောရဝတီရေတပ်စခန်းဌာနချုပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ နေအိမ် (၁) လုံး ထိမှန်ပျက်စီးပြီး မိသားစုဝင် (၃) ဦး သေဆုံးခဲ့ရသကဲ့သို့ ဆယ်ကျော်သက်အရွယ်ကလေးငယ် (၂) ဦးလည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

ဇွန်လ (၇) ရက်နေ့တွင် ရာဖူးနှင့် ဘုရားသုံးဆူကျေးရွာ များအနီးတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်ကောင်စီ တပ်သားများက ဘုရားသုံးဆူမှ ရာဖူးကျေးရွာသို့ ဝင်ရောက်လာချိန် နေ့ခင်း (၂) နာရီ မိနစ် (၃၀) ခန့်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ထိတွေ့မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**“မောရဝတီရေတပ်က လက်နက်ကြီးရာနဲချီ ပစ်ခဲ့တယ်။ ရာဖူးရွာသစ်က လူ (၃) ယောက် သေတယ်”** ဟု ဒေသခံ တစ်ဦးက ပြောသည်။

သေဆုံးသူများမှာ ဦးအောင်အောင်၊ မလဝ်ထူးနှင့် ၎င်း တို့၏မွေးကင်းစကလေးငယ်တို့ ဖြစ်သည်။ ဦးအောင်အောင် နှင့် သမီးဖြစ်သူတို့မှာ ပွဲချင်းပြီးသေဆုံးခဲ့ပြီး မလဝ်ထူးမှာ ဆေးရုံသို့ပို့ဆောင်စဉ် လမ်းခုလတ်တွင် သေဆုံးခဲ့သည်။ ၎င်းတို့၏နေအိမ်မှာလည်း လက်နက်ကြီးကြောင့် မီးလောင် ပျက်စီးသွားခဲ့သည်။ ၎င်းပြင် ရာဖူးရွာသစ်မှ ဆယ်ကျော်သက် ယောကျ်ားလေး (၁) ဦးနှင့် မိန်းကလေးငယ် (၁) ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုကြောင့် ရာဖူး၊ သာယာ မွန်၊ ရာဖူးရွာသစ်နှင့် မိုင် (၆၀) ကျေးရွာများမှ ဒေသခံပြည် သူများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရ သည်။ တိုက်ပွဲသည် (၁) နာရီခွဲဝန်းကျင် ကြာမြင့်ခဲ့သည်။

တိုက်ပွဲပြီးနောက် စစ်ကောင်စီတပ်သားများက မိုင် (၆၀) ကျေးရွာသို့ ဝင်ရောက်လာပြီး လူမရှိသည့်နေအိမ်များ မှ အသုံးအဆောင်အမျိုးမျိုးကို လုယက်ယူငင်သွားကြ သည်။ ဒေသခံအမျိုးသမီးတစ်ဦးက **“လူမရှိတဲ့အိမ် (၂) လုံးကနေ ဖုန်းတွေ၊ ဘက္ထရီတွေ၊ ဝါယာကြိုးတွေ၊ ဆီပုံး တွေ၊ ဖိနပ်တွေကအစ အကုန်ယူသွားကြတယ်။ လက်ရှိ မှာတော့ သူတို့က မိုင် (၆၀) ဘုန်းကြီးကျောင်းမှာ စခန်းချ နေကြတယ်”** ဟု ပြောသည်။

မည်သည့်နေရာမှ လုံခြုံမှုမရှိသဖြင့် ရာပေါင်းများစွာသော ဒေသခံပြည်သူများသည် အိုးအိမ်စွန့်စွာထွက်ပြေးနေရ ပြီး လုံခြုံမှုရှိသည့်ခိုလှုံစရာနေရာများကို ရှာဖွေနေကြ သည်။ ရွာသားအများစုက **“အိမ်ကို မပြန်ရဲသေးကြောင်း”** မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။

မြန်မာနိုင်ငံရှိ ပကတိမြေပြင်အခြေအနေသည် မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ပို၍ပို၍ဆိုးရွားလာနေသည်။ အထူးသဖြင့် တော်လှန်ရေး အားကောင်းသည့် ကျေးလက်ဒေသတွင်နေထိုင်နေ သည့် ပြည်သူများအတွက် ပို၍ခက်ခဲကြပ်တည်း နေသည်။ အဆိုပါပဋိပက္ခဒေသများကို အမျိုးမျိုးသော စစ်တပ်,တပ်ရင်းများက ကြည်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့ဖြင့် တိုက်ခိုက်နေကြသည်။

## စစ်ကောင်စီ၏လက်နက်ကြီးတိုက်ခိုက်မှုကြောင့် မိသားစုများ တကွဲတပြားဖြစ်ရခြင်း

စစ်ကောင်စီက လူနေထိုင်သည့်နေရာများကို လက်နက်ကြီးဖြင့် ပစ်မှတ်ထားတိုက်ခိုက်နေသဖြင့် မိသားစုများသည် လုံခြုံမှုမရှိ စိုးရိမ်ပူပန် စိတ်ဖိစီးနေရပြီး ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်နေရသည့်အပြင် အသက်သေဆုံးမှုများ လည်း ဖြစ်ပွားနေသည်။

ဇွန်လ (၅) ရက်နေ့ ညပိုင်းအချိန်တွင် အမှတ် (၁၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်လက်အောက်ရှိ အရှေ့တောင်တိုင်း စစ်ဌာနချုပ်က မွန်ပြည်နယ် ရေးမြို့နယ် မော့ကနင်ကျေးရွာရှိ လူနေအိမ်များကို လက်နက်ကြီးဖြင့် ရည်ရွယ်ချက်ရှိရှိ ပေါ်ပေါ်ထင်ထင် ပစ်ခတ်ခဲ့သည်။

ကာယကံရှင်ထိခိုက်သူများနှင့် နီးစပ်သူများနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အမှတ် (၅၈၈) စစ်သားစုဆောင်းရေးတပ်က ပစ်ခတ်လိုက်သည့် လက်နက်ကြီးသည် အိမ်ခေါင်မိုးပေါက် ကျရောက်ပေါက်ကွဲခဲ့ပြီး ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ထိခိုက်သူများမှာ အသက် (၅၀) အရွယ်ရှိ နိုင်အောင်နိုင်၊ ဇနီးဖြစ်သူ မိစန်းအေး၊ အကြီးဆုံးသမီးဖြစ်သူ အသက် (၂၈) နှစ်အရွယ် မိစန္ဒာဦး၊ သားဖြစ်သူ အသက် (၁၇) နှစ်အရွယ် မင်းစိုးပိုင်နှင့် အသက် (၁၁) နှစ်အရွယ် မင်းဂျလွန်းထောတို့ ဖြစ်ကြသည်။

လမိုင်းလူငယ်အရေးပေါ်ကယ်ဆယ်ရေးအသင်းက ထိခိုက်သူများကို အရေးပေါ်ဆေးကုသမှု ရယူနိုင်ရန် ကူညီလုပ်ဆောင်ပေးခဲ့သည်။ ထိခိုက်သူမိသားစု၏ ဆွေမျိုးတစ်ဦးက **“အိမ်မှာအိပ်နေတုန်း လက်နက်ကြီးကျလာတာ။ အိမ်လည်း အတော်လေးပျက်စီးသွားတယ်။ မိစန္ဒာဦးကတော့ ဒဏ်ရာအတော်ပြင်းတယ်”** ဟု ပြောသည်။

အခြားမျက်မြင်တစ်ဦးက **“တစ်ညလုံး လက်နက်ကြီးက မရပ်မနားပစ်နေတာ။ ရမ်းသမ်းပစ်နေတော့ အိမ်တွေလည်း ထိကုန်တယ်”** ဟု ပြောသည်။

သတင်းပေးပို့မှုများအရ တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ဇွန်လ (၅) ရက်နေ့ညမှ ဇွန်လ (၆) ရက်နေ့ မနက်အထိ လက်နက်ကြီးအလုံးပေါင်း (၇၀) ခန့် ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

လက်နက်ကြီးဖြင့်ရမ်းသမ်းပစ်ခတ်နေခြင်းသည် ဒေသခံပြည်သူများကို စိုးရိမ်ပူပန်မှု ဖြစ်စေပြီး ပြည်သူအကြားအကြောက်တရားလည်း ဖြစ်ပွားစေသည်။ အာဏာပိုင်များနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများအနေဖြင့် ထိခိုက်ပျက်စီးမှုများကို တွက်ချက်ပြီး နစ်နာသူမိသားစုများကို လိုအပ်သည့်အကူအညီများ ပေးအပ်ရမည် ဖြစ်သည်။

ဇွန်လ (၉) ရက်နေ့ ည (၉) နာရီမှစ၍ စစ်ကောင်စီက ကျိုက်မရောမြို့နယ် ဓမ္မသတ်ကျေးရွာကို လက်နက်ကြီးဖြင့် စတင်ပစ်ခတ်ခဲ့သည်။ လက်နက်ကြီး (၈) လုံး ပစ်ခတ်ခဲ့ပြီး လူနေကျေးရွာအနီးပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်ခဲ့ရသည်။

ဇွန်လ (၂၄) ရက်နေ့ မနက်ပိုင်းတွင် မိသားစုအနည်းငယ်က တိုက်ပွဲပိုမိုပြင်းထန်လာသည့်အခြေအနေတွင် ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ ထိုအချိန်တွင် စစ်ကောင်စီ၏ စစ်သင်္ဘောက ကော့ဘိန်းဒေသသို့ ဦးတည်ရွေ့လျားနေပြီဖြစ်သည်။ စစ်ဘေးရှောင် (၁၀၀) ခန့်သာ နေရပ်သို့ ပြန်လာကြသည်။

စစ်ရှောင်ပြည်သူများကို ကူညီထောက်ပံ့နေသည့်အဖွဲ့အစည်းများ၏ ဖော်ပြချက်အရ နေရပ်ပြန်လာပြီး တဲထိုးနေထိုင်ပြီးနောက် ငွေကျပ် (၅) သိန်းကို စစ်ကောင်စီထံမှ လက်ခံရရှိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် (၃) လအတွင်း ဓမ္မသတ်ကျေးရွာမှ စစ်ဘေးရှောင်မိသားစု (၁၀၀) ကျော်သည် မော်လမြိုင်တွင် စစ်ရှောင်ခိုလှုံနေကြပြီး မည်သည့်အကူအညီမျှ မရရှိခဲ့ကြချေ။

စစ်ရှောင်ပြည်သူများကို ရေရှည်ထောက်ပံ့နိုင်သည့် ရန်ပုံငွေများ မရှိခြင်းကြောင့် ထိုကဲ့သို့ အကူအညီမရရှိခဲ့ခြင်း ဖြစ်သည်။ နေရပ်ပြန်ပြီး တဲထိုးနေထိုင်ရန်အတွက်ပင် ငွေကျပ် (၁၅) သိန်းခန့် ကုန်ကျနေသည်။

ဓမ္မသတ်ကျေးရွာမှ စစ်ဘေးရှောင်မိသားစု (၄၀၀) ခန့်သည် တခြားမြို့များတွင် ဆက်လက်ခိုလှုံနေရသည်။

စစ်ကောင်စီက လက်နက်ကြီးများကို တကျော့ပြန်ပစ်ခတ်နေသဖြင့် စစ်ဘေးရှောင်ပြည်သူများသည် နေရပ်ပြန်နိုင်ခြင်း မရှိသေးချေ။

ဇွန်လ (၁၉) ရက်နေ့ မနက် (၈) နာရီမှ ညနေ (၅) နာရီအထိ ရာဖူးကျေးရွာအုပ်စု မျောက်ချောကျေးရွာတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲဖြစ်ပွားနေပြီး လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်နေသည်။ နေ့ခင်းပိုင်းအချိန်တွင် စစ်ရဟတ်ယာဉ်များနှင့် တိုက်လေယာဉ်များ ပျံဝဲလာပြီး ဗုံး (၆) လုံး ကြဲချခဲ့ သည်။

**"မနက် (၅) နာရီကတည်းက လက်နက်ကြီးသံတွေ ကြားနေရတယ်။ ပေါက်ကွဲသံအကြီးကြီး (၆) ခါလောက် ကြားခဲ့ရတယ်"** ဟု ရာဖူးဒေသခံတစ်ဦးက ပြောသည်။

ထိခိုက်သေဆုံးမှုအတိုင်းအတာကို စုံစမ်းနေဆဲဖြစ်ပြီး တိုက်ပွဲနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုရှိမရှိ မသိရှိရသေးချေ။

ဇွန်လ (၃) ရက်နေ့တွင် ရေဖြူမြို့နယ် နတ်ကြည့်စင် ကျေးရွာအုပ်စုကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးလာသဖြင့် စစ်ရေးတင်းမာလာသည်။

ထားဝယ်ခရိုင်မွန်ပြည်သစ်ပါတီလက်အောက်ရှိမျောက်ချောကျေးရွာကို ဝင်ရောက်စီးနင်းမှုအတွင်း စစ်ကောင်စီတပ်သားများသည် ဒေသခံ (၅) ဦး ဖမ်းဆီးခဲ့ပြီး ဒေသခံ (၁) ဦးမှာလည်း ပျောက်ဆုံးနေသည်။

## ကျေးရွာများကို ဝင်ရောက်စီးနင်းခြင်း၊ မီးရှို့ဖျက်စီးခြင်းနှင့် ခိုးယူလုယက်ခြင်းတို့ကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများ ပိုမိုဖြစ်ပွားလာခြင်း

စစ်ကောင်စီတပ်က ကျေးရွာများကို ဝင်ရောက်စီးနင်းနေခြင်းကြောင့် ဒေသခံပြည်သူများမှာ လုံခြုံမှု မရှိတော့ချေ။ တနင်္သာရီတိုင်း ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာမှ နေအိမ်အလုံး (၁၀၀) ကျော်ကို စစ်ကောင်စီက ဝင်ရောက်စီးနင်းခဲ့ပြီး (၂) ရက်တာ တပ်စွဲစခန်းချခဲ့သည်။

ဇွန်လ (၁) ရက်နေ့တွင် စစ်ကောင်စီတပ်က ဗိုလ်မှူးကြီးဇင်ဝင်းအောင်သည် ကားမောင်းလာစဉ် မောင်မယ်ရှောင်ကျေးရွာအနီးတွင် ပစ်သတ်ခံလိုက်ရပြီးနောက်ပိုင်း အမှတ် (၃၀၂) ခြေမြန်တပ်ရင်းနှင့် ရေဖြူဒေသအနီးတဝိုက်မှ စစ်သားအင်အား (၁၀၀) နီးပါးသည် ကျေးရွာသို့ ဝင်ရောက်လာသည်။

လက်နက်ကြီးလက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူများမှာ နီးစပ်ရာသို့ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ ၎င်းနောက် မောင်မယ်ရှောင်ကျေးရွာတွင် စစ်တပ်က စခန်းချတပ်စွဲခဲ့သည်။

ဇွန်လ (၃) ရက်နေ့တွင် စစ်ကောင်စီတပ်သားများသည် မောင်မယ်ရှောင်ကျေးရွာမှ အမှတ် (၃၀၂) ခြေမြန်တပ်ရင်းသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။ ရေခဲသေတ္တာများ၊ ပန်ကာများ၊ လျှပ်စစ်ပစ္စည်းများ၊ အစားအစာများ၊ အိမ်မွေးကြက်များနှင့် အခြားသောတန်ဖိုးရှိပစ္စည်းများကို ကုန်တင်ကား (၃) စီးဖြင့် လုယက်ယူဆောင်သွားကြသည်။ ဖမ်းဆီးထားသူအယောက် (၂၀) အနက် (၁၉) ဦးကို ပြန်လည်လွှတ်ပေးခဲ့သည်။

ဒေသခံပြည်သူများမှာ ဇွန်လ (၅) ရက်နေ့အထိ နေအိမ်မပြန်နိုင်သေးဘဲ နီးစပ်ရာတွင်သာ ခိုလှုံနေရဆဲဖြစ်သည်။

မောင်မယ်ရှောင်ကျေးရွာသည် ထားဝယ်မြို့မှ (၇) မိုင်သာကွာဝေးပြီး စစ်ကောင်စီတပ်နှင့် တော်လှန်ရေး အင်အားစုများအကြား တိုက်ပွဲများမကြာခဏဖြစ်ပွားသည့်နေရာ

ဖြစ်သည်။ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိသည်။

ကျေးရွာအနီးတဝိုက်တွင် တော်လှန်ရေးတပ်များက မကြာခဏချုံခိုတိုက်ခိုက်လေ့ရှိသဖြင့် စစ်ကောင်စီတပ်များသည် စစ်ကြောင်းထိုးကာ နေအိမ်များကို စီးနင်းပြီး အဖိုးတန်ပစ္စည်းများကို လုယက်ယူဆောင်နေသည်။

ထားဝယ်ခရိုင် ရေဖြူမြို့နယ်တွင် ဇွန်လအစောပိုင်းက ထိုးစစ်ဆင်မှုများကြောင့် မိသားစု (၃၀၀) ကျော် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး ၎င်းတို့၏နေအိမ်များမှာလည်း ဖောက်ထွင်းလုယက်ခံခဲ့ရသည်။

မိုင် (၆၀) ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက **"စစ်ကောင်စီတပ်က မရမ်းချောင်၊ သာယာမွန်၊ ရာဖူးရွာသစ်၊ ဘုရားသုံးဆူ၊ စိန်ပုံနဲ့ နတ်ကြီးစင်ရွာတွေကို ဝင်စီးခဲ့တယ်။ ရွာသားတွေကလည်း ကြိုပြင်ဆင်ထားတော့ စစ်ကြောင်းဝင်လာတာနဲ့ အကုန်ထွက်ပြေးကြတယ်"** ဟု ပြောသည်။

မိုးတွင်းကာလဖြစ်သဖြင့် စစ်ဘေးရှောင်ပြည်သူများသည် အမိုးအကာနှင့် ဆေးဝါးများကို အထူးလိုအပ်နေသည်။ စေတနာ့ဝန်ထမ်းတစ်ဦးက **"စစ်ဘေးရှောင်စခန်းဖွင့်ဖို့အတွက် ထွက်ပြေးလာတာ မဟုတ်ဘူး။ တိုက်ပွဲကို ရှောင်ချင်လို့ ပြေးလာကြတာ"** ဟု ပြောသည်။

ဇွန်လ (၂) ရက်နေ့တွင် အင်အား (၅၀) ပါ စစ်ကြောင်းတစ်ခုက ကျေးရွာများကို ချဉ်းကပ်လာသည်။ လမ်းကြောင်းတစ်လျှောက် "စနိုက်ပါ" များကို အသုံးပြုပြီး ကင်းပုန်းဝပ်လာကြသည်။ ဇွန်လ (၄) ရက်နေ့တွင်မူ တော်လှန်ရေးအင်အားစုများက ကလိန်အောင်အခြေစိုက် အမှတ် (၄၀၈)၊ (၄၀၉) နှင့် (၄၁၀) ခြေမြန်တပ်ရင်းတို့ကို တိုက်ခိုက်ခဲ့ကြသည်။

တန်ပြန်သောအားဖြင့် အင်အား (၂၀၀) ကျော်ပါသည့် စစ်ကောင်စီစစ်ကြောင်းက မွန်ပြည်နယ် ရေးမြို့နယ် ကော့လှိုင်းကျေးရွာကို စစ်ကြောင်းထိုးလာသည်။

ခရီးသွားပြည်သူများနှင့် မြို့ခံများ၏ ပြောပြချက်အရ မောရဂတီရေတပ်စခန်းက လုံခြုံရေးတင်းကြပ်နေပြီး ဇွန်လ (၃) ရက်နေ့ကတည်းက ရေဖြူမြို့နယ် ကလိန်အောင်တံတားဂိတ်တွင် စစ်ဆေးရေးတင်းကြပ်နေသည်။

မောရဂတီရေတပ်မှ တပ်သားများ ရောက်ရှိလာပြီးနောက်ပိုင်း ကလိန်အောင်တွင် ညဘက်ကင်းလှည့်လည်ခြင်းများ ပြုလုပ်လာသည်။

၎င်းပြင် ကလိန်အောင်-ကံပေါက်ကားလမ်းပိုင်းရှိ (၃) နေရာနှင့်အထက်တွင် စစ်ဆေးမေးမြန်းမှုများကို ဇွန်လ (၅) ရက်နေ့မှစ၍ တင်းတင်းကြပ်ကြပ်လုပ်ဆောင်နေသည်။

မေလ (၂၂) ရက်နေ့တွင် ကလိန်အောင်စစ်ဆေးရေးဂိတ် တိုက်ခိုက်ခံရပြီးနောက်ပိုင်း မောရဂတီရေတပ်မှ အင်အား (၁၀၀) ဝန်းကျင်သည် ကလိန်အောင်နှင့် မိကျောင်းလျောင်ကျေးရွာတဝိုက်တွင် စစ်ကြောင်းထိုးနေသည်။ စစ်သားများသည် အဆိုပါဒေသတွင် တပ်စွဲထားပြီး စစ်ရှောင်ပြည်သူများ၏နေအိမ်များတွင် ဝင်ရောက်တပ်စွဲနေထိုင် နေကြသည်။

ထို့ကြောင့် ကလိန်အောင်နှင့် မိကျောင်းလျောင်မှ ဒေသခံပြည်သူများသည် မိမိတို့နေအိမ်သို့ ပြန်လည်ဝင်ရောက်နေထိုင်ခြင်း မပြုနိုင်ကြချေ။

ဧပြီနှင့်မေလကြားတွင် စစ်ကြောင်းထိုးမှုနှင့် တိုက်ပွဲများကြောင့် ရေဖြူမြို့နယ်မှ ဒေသခံပြည်သူ (၂,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။ အများစုမှာ အိမ်မပြန်နိုင်ကြသေးချေ။

## စောင့်ကြည့်မှုများ ပိုမိုလုပ်ဆောင်လာခြင်းနှင့် လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်လာခြင်း

ဗမာစစ်တပ်က လွတ်လပ်စွာသွားလာခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးအားလုံးကို

အကြမ်းဖက် ဖိနှိပ်လိုသဖြင့် ပြည်သူလူထုကို စောင့်ကြည့်မှုများ ပြုလုပ်လာပြီး ကိုယ်ရေးကိုယ်တာကိစ္စရပ်များကိုပါ ချိုးဖောက်လာ သည်။

ခရီးသွားပြည်သူများသည် အကန့်အသတ် အခက်အခဲမျိုးစုံကို ကြုံတွေ့နေရပြီး များပြားလှသည့် စစ်ကောင်စီ စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းချိန်တွင် စောင့်ကြည့်စစ်ဆေးခံနေရသည်။

ဇွန်လအစောပိုင်းတွင် ပိန္နဲတောလမ်းတွင်အခြေစိုက်သည့် တပ်ရင်းများဖြစ်သည့် အမှတ် (၉) တပ်ရင်း၊ ဝီယော်တပ်ရင်းနှင့် ပိန္နဲတောတပ်ရင်းများသည် စစ်ဆေးမေးမြန်းမှုများကို လုပ်ဆောင်နေကြောင်း ဒေသခံ သတင်းရင်းမြစ်များက ပြောသည်။

ခရီးသွားပြည်သူတစ်ဦးက **“အခုဆို အသေးစိတ်ကအစ လိုက်စစ်နေတယ်။ ဖုန်းပြခိုင်းတယ်၊ မေးခွန်းတွေ မေးတယ်”** ဟု ပြောသည်။

စစ်ကောင်စီက အတင်းအကြပ်ပြဋ္ဌာန်းနေသည့် စစ်မှုမထမ်းမနေရ “ပြည်သူ့စစ်မှုထမ်းဥပဒေ” ကြောင့်လည်း စစ်ဆေးမေးမြန်းမှုများကို ပိုမိုလုပ်ဆောင်လာသည်။ မြန်မာနိုင်ငံ တောင်ပိုင်း မြိတ်ဒေသခံတစ်ဦး၏ ပြောကြားချက်အရ ဇွန်လ (၂) ရက်နေ့မှစ၍ မြိတ်မြို့တွင် စစ်မှုထမ်းစာရင်းကောက်ခံရန်အတွက် ရပ်ကွက်များရှိ လူပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များကို အာဏာပိုင်များက စုဆောင်းနေသည်။

ထိုင်း-မြန်မာနယ်စပ်သို့ သွားလာရာတွင် အဓိကကျသည့်လမ်းတစ်ခုဖြစ်သည့် ဘုရားသုံးဆူ-မုဒုံလမ်းပိုင်းတွင် စစ်ကောင်စီနှင့် လက်နက်ကိုင်အဖွဲ့များက စစ်ဆေးရေးဂိတ်များ တိုးမြှင့်ချထားသည်။ ၎င်းအခြေအနေသည် စီးပွားရေးကြပ်တည်းမှုကိုခါးစည်းခံနေရသည့် ပြည်သူများနှင့် ခရီးသွားများအတွက် အခက်အခဲတစ်ခု ဖြစ်လာသည်။

ခရီးသည်တစ်ဦးလျှင် ဂိတ်ကြေးသပ်သပ်ပင် ကျပ် (၁၀,၀၀၀) ကျော် ပေးချေနေရသည်။ အဓမ္မငွေကြေးတောင်းခံမှုကို ပေါ်ပေါ်ထင်ထင်လုပ်ဆောင်နေပြီး စစ်ကောင်စီတပ်နှင့် လက်နက်ကိုင်အဖွဲ့များသည် ပြည်သူများကို အမြတ်ထုတ်ငွေညှစ်နေကြကြောင်း လူအများက ရှုမြင်နေကြသည်။

၂၀၂၄ နှစ်ဆန်းပိုင်းမှစ၍ ယာဉ်မောင်းများသည် တောလမ်းဖြစ်သည့် “ခနိုလမ်းပိုင်း” ကို အသုံးပြုနေရသည်။ အဆိုပါလမ်းပိုင်းတစ်ခုတည်းတွင်ပင် စစ်ဆေးရေးဂိတ် (၁၀) ခုခန့် ရှိနေသည်။ အများစုမှာ စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်များ ဖြစ်သည်။ စစ်ကောင်စီလက်အောက်ခံတပ်ဖွဲ့နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်က ဖွင့်လှစ်ထားသည့် စစ်ဆေးရေးဂိတ်များလည်း ရှိသည်။ အဆိုပါဂိတ်များကို ဖြတ်သန်းရန်အတွက် ခရီးသွားပြည်သူတစ်ဦးလျှင် ငွေကျပ် (၁၆,၀၀၀) အထိ ပေးချေနေရသဖြင့် စီးပွားရေးအရ ဝန်ထုပ်ဝန်ပိုး ဖြစ်လာသည်။

**“ဂိတ်ကြေးက ခရီးသည်တစ်ယောက်ကို (၁၆,၀၀၀) လောက်ပေးရတယ်။ လူများရင် ပိုတောင်းတယ်။ ခရီးသည်တွေဆီက ကားခပိုတောင်းရမှာတောင် အားနာလာပြီ”** ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

“ခနိုလမ်းပိုင်း” သည် ဂိတ်ကြေးအတောင်းကြမ်းသည့်အပြင် တောလမ်းဖြစ်သဖြင့် သွားလာရေးလည်း ခက်ခဲသည်။ ၎င်းပြင် တိုက်ပွဲဖြစ်ပွားမည့်အန္တရာယ်နှင့်လည်း ကြုံတွေ့နိုင်သဖြင့် သတိထားသွားလာနေရသည်။ တောလမ်းဖြစ်သဖြင့် အချိန်ကြာမြင့်ပြီး လမ်းခရီးတွင် ညအိပ်ရသည်များလည်း ရှိသည်။

**“အရင်က သံဖြူဇရပ်လမ်းကနေသွားရင် (၅) နာရီပဲ ကြာတယ်။ “ခနိုလမ်းပိုင်း” ကနေ သွားရင် ဖောင်နဲ့လည်း ကူးရတော့ တစ်ခါတလေ ညအိပ်ရတာတောင် ရှိတယ်။ ဂိတ်တွေလည်း များသလို တိုက်ပွဲဖြစ်မှာလည်း ကြောက်နေရတော့ ကျွန်တော်တို့ကားသမားတွေအတွက် မလွယ်ဘူး”** ဟု အခြားယာဉ်မောင်းတစ်ဦးက ပြောသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ထိုင်း-မြန်မာနယ်စပ်သို့သွားရာ ဘုရားသုံးဆူ၊ ကျိုက်ဒုံ၊

သံဖြူဇရပ်နှင့် မုဒုံလမ်းကြောင်းများတွင် စစ်ဆေးရေးဂိတ် (၃၀) နီးပါး ပေါ်ပေါက်လာသည်။

တနင်္သာရီတိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ်တွင် စစ်ကောင်စီက ခရီးသွားလာခွင့်ကို အမျိုးမျိုးတင်းကြပ်နေသဖြင့် စစ်ဘေးရှောင်ပြည်သူများမှာ ဘေးလွတ်ရာသို့ တိမ်းရှောင်နိုင်ရန် အခက်အခဲဖြစ်နေသည်။ စစ်ကောင်စီ၏ တင်းကြပ်ခြင်းကြောင့် ကုန်စည်ပို့ဆောင်မှု အခက်အခဲဖြစ်ပြီး အစားအစာများ ပြတ်လပ်နေသည်။

ဒေသခံပြည်သူအယောက် (၂,၉၀၀) ခန့်သည် အစားအစာ ပြတ်လပ်ခြင်းကို ကြုံတွေ့နေရသည်။ မရေချိုင်း၊ မိပ်ဖိပ်၊ ရုံပိုင်း၊ ကျောင်းဒုံးနှင့် နဂါးအိုင်ကျေးရွာများမှ ဒေသခံပြည်သူ (၁,၄၀၀) ကျော်သည် တိုက်ပွဲကြားတွင် ပိတ်မိနေဆဲဖြစ်သည်။

ဇွန်လ (၂၄) ရက်နေ့တွင် ကလိန်အောင်မြို့နယ် မရေချိုင်းကျေးရွာမှ ထွက်ပြေးလာသည့် စစ်ဘေးရှောင်ပြည်သူများကို စစ်ကောင်စီက လမ်းတွင်ပိတ်ဆို့ဟန့်တားခဲ့သည်။

၎င်းတို့ကို နေရင်းရပ်ရွာသို့ ပြန်ရန် စစ်ကောင်စီက ခြိမ်းခြောက်ဖိအားပေးခဲ့သည်။ မလိုက်နာပါက ပစ်ခတ်ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်ဟု ကူညီကယ်ဆယ်ရေးလုပ်သားတစ်ဦးက ပြောသည်။

**"မောရဝတီရေတပ်နဲ့ တော်လှန်ရေးအဖွဲ့တွေ တိုက်ပွဲဖြစ်တဲ့ ဇွန်လ (၃) ရက်နေ့ကတည်းက ရွာထဲမှာ ပိတ်မိနေတာ။ ရှိတဲ့အစားအစာလေးနဲ့ ဖုံးခိုကျင်းထဲမှာ ပုန်းနေရတာ။ ကျန်ခဲ့တဲ့သူအများစုက ကလေးနဲ့ သက်ကြီးရွယ်အိုတွေပဲ။ တိုက်ပွဲပြင်းထန်လာတော့ ကလိန်အောင်ကစစ်သား (၄၀၀) ကျော်လောက်က ကျွန်တော်တို့ဒေသကို ပိတ်လိုက်တယ်။ အဲလိုပိတ်လိုက်တော့ တခြားလုံခြုံတဲ့နေရာကို ထွက်သွားလို့ မရတော့ဘူး"** ဟု အသက် (၅၀) အရွယ် ကလိန်အောင် ဒေသခံတစ်ဦးက ပြောသည်။

ဇွန်လတတိယအပတ်တွင် စစ်ကောင်စီကတိုက်လေယာဉ် (၄) စီးကို အသုံးပြုပြီး မရေချိုင်းနှင့် ရာဖူးကျေးရွာများကို ဗုံး (၁၀) လုံး ကြဲချခဲ့သည်။

**"ရွာထဲက အိမ် (၈၀) လောက် မီးလောင်ပြာကျသွားတယ်။ မထွက်ပြေးနိုင်တဲ့ ရွာသားအနည်းအကျဉ်းလောက်ပဲ ကျန်ခဲ့တယ်"** ဟု မရေချိုင်းကျေးရွာမှ အသက် (၄၀) အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။

မရေချိုင်းကျေးရွာအနီးတဝိုက်တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများ တိုက်ပွဲ (၄) ကြိမ်အထိ ဖြစ်ပွားခဲ့ပြီး ဇွန်လ (၂၄) ရက်နေ့အထိ (၆) ရက်တိုင်တိုင် ခရီးသွားလာခွင့်ပိတ်ပင်ခဲ့သည်။

## မတရားစစ်မှုထမ်းဥပဒေ

မေလ (၂၆) ရက်နေ့နှင့် ဇွန်လ (၂) ရက်နေ့တွင် အင်းလေးမြိုင်ရှိ အိမ်ထောင်စုများကို သန်းခေါင်စာရင်းပါ အချက်အလက်များနှင့် ညှိစာရင်းများ ပေးအပ်တိုင်ကြားရန် ပြောဆိုခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးက အသက် (၁၈) နှစ်နှင့် (၃၅) နှစ်ကြား အမျိုးသား၊ အမျိုးသမီးများကို စစ်မှုထမ်းရန်အတွက် စာရင်းပေးကြရန် ဒေသခံပြည်သူများကို အသိပေးပြောဆိုခဲ့သည်။

**"အခုစာရင်းကို ရုံးကို ပို့မှာ။ ရွေးတဲ့နေ့ကျရင် စာရင်းထဲမှာ ပါတဲ့သူကို လာခေါ်မှာ။ ကိုယ်ဝန်သည်နဲ့ ကလေးအမေတွေတောင် စာရင်းပေးရတယ်"** ဟု အင်းလေးမြိုင်မှ စစ်မှုထမ်းစာရင်း ပေးအပ်ခဲ့ရသူ အမျိုးသမီးတစ်ဦးက ပြောသည်။

အလားတူ မြိတ်တောင်ပိုင်းရပ်ကွက်တွင် လာမည့်စစ်မှုထမ်းအပတ်စဉ်တွင် စာရင်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက မေလ (၂၈) ရက်နေ့ကတည်းက စတင်ကောက်ခံနေသည်။

ကြံတော၊ ဝန်ထမ်း၊ ကံဖျားနှင့် ကံဖျားစသည့် အနီးအနားကျေးရွာများတွင်မူ မေလ (၃၀) နှင့် (၃၁) ရက်နေ့များတွင် စစ်မှုထမ်းစာရင်း ကောက်ခံခဲ့သည်။ မြိတ်တောင်ဒေသခံတစ်ဦးက **"အရင်အပတ်စဉ်က လူတွေကို ဆက်သွယ်လို့ မရဘူး။ ဘာဖြစ်နေလဲ ဘာမှ မသိရဘူး။ ဒါကြောင့် အခုစာရင်းပေးရမယ့်သူတွေက စိုးရိမ်နေကြတာ"** ဟု ၎င်း၏ ပူပန်မှုကို

အုပ်ချုပ်ရေးမှူးများ၏ ပြောကြားချက်အရ အမျိုးသမီးများကို စစ်မှုထမ်းရန်အတွက် ချက်ချင်းရွေးချယ်မည်မဟုတ်ကြောင်း၊ သို့သော် အပတ်စဉ် (၅) အတွက် ပလောက်စစ်သင်တန်းကျောင်းတွင် စစ်သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

မတ်လမှစ၍ အနီးအနားကျေးရွာများတွင် အသက် (၂၃) နှစ်နှင့် (၃၅) နှစ်ကြားရှိ အမျိုးသားများကို စစ်မှုထမ်းရန်အတွက် မဲနှိုက်ရွေးချယ်နေသည်။

စစ်မှုထမ်းရန်အတွက် ရွေးချယ်ခံရသူများနှင့် ၎င်းတို့နှင့်နီးစပ်သူများ၏ ပြောပြချက်အရ တတိယအသုတ်စစ်မှုထမ်းရန်အတွက် ဆင့်ခေါ်စာများကို ထားဝယ်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဖြန့်ဝေပြီးဖြစ်နေသည်။ ဆင့်ခေါ်ခံရသူများတွင် လက်ရှိကျောင်းတက်နေသည့် တက္ကသိုလ်ကျောင်းသားများနှင့် နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်နေသူ များလည်း ပါဝင်သည်။

မေလ (၂၄) ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သည့်စာတွင် ကာယကံရှင်အမည်၊ အဖအမည်နှင့် မှတ်ပုံတင်နံပါတ်တို့ပါဝင်ပြီး ထားဝယ်မြို့နယ်စုပေါင်းရုံးခန်းမတွင် ကျင်းပမည့် အစည်းအဝေးကို တက်ရောက်ရန်လည်း ဖိတ်ကြားထားသည်။

ထားဝယ်မြို့မှ အစည်းအဝေးတက်ရောက်ခဲ့သူတစ်ဦးက အစည်းအဝေးကို မိဘအုပ်ထိန်းသူအယောက် (၁၀၀) ခန့်တက်ရောက်ခဲ့ကြောင်း၊ သို့သော် ရွေးချယ်ခံရမည့်လူငယ်များ တက်ရောက်ခြင်းမရှိကြောင်း ပြောပြခဲ့သည်။

**"နိုင်ငံခြားမှာရှိတဲ့သူတွေကိုလည်း (စစ်မှုထမ်းဖို့) ခေါ်တာပဲ။ စစ်မှုထမ်းရမယ့်လူငယ်တွေကတော့ အစည်းအဝေးကို မတက်ဘူး"** ဟု ထားဝယ်ဒေသခံတစ်ဦးက ပြောသည်။

ကျောင်းသားများအနေဖြင့် စစ်မှုထမ်းခြင်းကို ယာယီရှောင်လွှဲနိုင်ကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေက ပြဋ္ဌာန်းထား သော်လည်း ဒုတိယအသုတ် ဆင့်ခေါ်စာများတွင် တိုင်းနှင့်ပြည်နယ်အချို့မှ ကျောင်းတက်ရောက်ဆဲကျောင်းသားများ သည် ၎င်းတို့၏ဆန္ဒမပါဘဲ စစ်မှုထမ်းရမည့်စာရင်းတွင် ထည့်သွင်းခြင်းခံနေရသည်။

အပတ်စဉ် (၁) နှင့် (၂) မှ သင်တန်းသား အယောက် (၅၀၀) ကျော်ကို ပလောက်မြို့ရှိ အမှတ် (၁၂) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတွင် စစ်သင်တန်းပေးနေသည်။

မွန်ပြည်နယ်တွင်မူ ရွှေ့ပြောင်းလုပ်သားများနှင့် ငွေကြေးချို့တဲ့သူများကို ငွေကျပ်သိန်းဆယ်ချီ ပေးအပ်ကာ စစ်မှုထမ်းရန်အတွက် လူစားထိုးငှားရမ်းလျက်ရှိသည်။

စစ်ကောင်စီက အတင်းအကြပ်ပြဋ္ဌာန်းနေသည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မွန်ပြည်နယ်အပါအဝင် ဒေသအသီးသီး တွင် လစဉ်သင်တန်းသားသစ်များကို ရွေးချယ်စေလွှတ်ရမည် ဖြစ်သည်။

မိမိသဘောဆန္ဒအလျောက် စစ်မှုထမ်းမည့်သူများ မရှိသဖြင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် ရွှေ့ပြောင်းလုပ်သား များနှင့် ဆင်းရဲနွမ်းပါးသူများကို ငွေကြေးပေးအပ်ကာ စစ်မှုထမ်းရန်အတွက် လူစားထိုးငှားရမ်းနေရသည်။

အမည်မဖော်လိုသူ သတင်းရစ်မြစ်တစ်ဦးက **"လူရွေးပြီးတာနဲ့ စစ်သင်တန်းကို တန်းပို့တော့တာပဲ။ ရေးနဲ့ သံဖြူဇရပ်ဘက်မှာဆို လူစားထိုးငှားရမ်းတာတွေ အဖြစ်များလာတယ်။ အများစုကတော့ ရွှေ့ပြောင်းလုပ်သားတွေပေါ့"** ဟု ပြောသည်။

မွန်ပြည်နယ်တွင် ရပ်ကွက်နှင့် ကျေးရွာပေါင်း (၁,၁၀၀) ကျော် ရှိပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာတစ်ခုလျှင် စစ်မှုထမ်း ရန်အတွက် လူတစ်ယောက် ရွေးချယ်စေလွှတ်ပေးရမည်ဟု ရပ်ကျေးအုပ်ချုပ်ရေးမှူးများကို ညွှန်ကြားထားသည်။

တောင်းဆိုထားသည့်လူဦးရေအတိုင်း ပေးပို့နိုင်ခြင်းမရှိသဖြင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် ဖိအားနှင့်ရင်ဆိုင်နေ ရသည်။

## ကူညီကယ်ဆယ်ရေးအသင်းများနှင့် စေတနာ့ဝန်ထမ်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း

စစ်ဘေးရှောင်များကို ကူညီရန် ကြိုးပမ်းနေကြသည့် လူမှုစေတနာ့ဝန်ထမ်းများနှင့် ကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များကို စစ်ကောင်စီက ပစ်မှတ်ထားတိုက်ခိုက်နေသည်။

မွန်ပြည်နယ် ရေးမြို့နယ်မှ လမိုင်းလူငယ်ပရဟိတအဖွဲ့မှ ဥက္ကဋ္ဌဦးဝင်းအောင်အပါအဝင် အဖွဲ့ဝင် (၅) ဦးကို စစ်ကောင်စီက (၁) ပတ်ကျော်ကြာ ဖမ်းဆီးထိန်းသိမ်းခဲ့သည့်အတွက် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ထိခိုက်ခဲ့ရသည်။

စစ်ကောင်စီက ပရဟိတရုံးကို ဝင်ရောက်စီးနင်းပြီး အဖွဲ့ဝင် (၃) ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းနောက် ဥက္ကဋ္ဌဦးဝင်းအောင်ကို ဖမ်းဆီးခဲ့ပြန်သည်။ ဇွန်လ (၆) ရက်နေ့အထိ ဖမ်းဆီးထားသူများကို အမှတ် (၅၈၈) ခြေမြန်တပ်ရင်းတွင် ထိန်းသိမ်းထားပြီး ပြန်လည်လွှတ်ပေးခြင်း မရှိချေ။

အဖွဲ့ဝင် (၅) ဦး ဖမ်းဆီးခံလိုက်ရခြင်းကြောင့် ဇွန်လ (၃) ရက်နေ့မှစ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ယာယီရပ်နားလိုက်ရသည်။ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မွန်ပြည်နယ်တွင် ကူညီကယ်ဆယ်ရေးလုပ်သားများ မကြာခဏ ဖမ်းဆီးထိန်းသိမ်းခံနေရပြီး ၎င်းတို့ကို စစ်ကောင်စီက စစ်ဆေးမေးမြန်းလေ့ရှိသည်။

ဇွန်လ (၁၆) ရက်နေ့ မနက် (၉) နာရီတွင် တက်ကြွလှုပ်ရှားသူများဖြစ်သည့် အသက် (၅၀) အရွယ် "ဘက်ဟိုး" ကားမောင်းသူ ကိုလှမိုးနှင့် ဇနီးဖြစ်သူတို့ကို ကျိုက်ထီးဆောင်းဘုရားအနီးတွင် စစ်ကောင်စီတပ်သားများက ဖမ်းဆီးခဲ့သည်။

ကိုလှမိုးနှင့် ဇနီးဖြစ်သူတို့သည် ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ထောက်ခံအားပေး သူများ ဖြစ်ပြီး ငြိမ်းချမ်းစွာဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ဖူးသူများ ဖြစ်သည်။

၎င်းတို့ကို ဘီးလင်းမြို့မရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်ဆေးမေးမြန်းလျက်ရှိသည့်အပြင် မိသားစုဝင်များနှင့်လည်း ဆက်သွယ်ခွင့်မပေးချေ။

ဘီးလင်းမြို့နယ်သည် တော်လှန်ရေးအားကောင်းသည့် မြို့နယ်တစ်ခု ဖြစ်ပြီး စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ မကြာခဏတိုက်ခိုက်ခံရသည့် မြို့နယ်လည်း ဖြစ်သည်။

ဒီမိုကရေစီလှုပ်ရှားမှုတွင် တစ်နည်းတစ်ဖုံပါဝင်ပတ်သက်ဖူးသည့် တက်ကြွလှုပ်ရှားသူများနှင့် ဒေသခံပြည်သူများသည် အကြောင်းအမျိုးမျိုးဖြင့် ဖမ်းဆီးခံနေရသည်။

## လုံလောက်သည့်ကျန်းမာရေး စောင့်ရှောက်မှု မရသဖြင့် နိုင်ငံရေးအကျဉ်းသားများ ဆန္ဒပြခြင်း

မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ဘဝသည် တဖြည်းဖြည်း ပို၍ပို၍ ခက်ခဲကြပ်တည်းလာသည်။ သို့သော် စစ်ကောင်စီ၏ အကြမ်းဖက်မှုများက လျော့ကျသွားခြင်း မရှိချေ။ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးအတွက် လှုပ်ရှားဆောင်ရွက်မှု မှန်သမျှကို ဖြိုခွင်းဖျက်ဆီးနေသည်။

စစ်ကောင်စီက ထိန်းချုပ်ထားသည့် အကျဉ်းထောင်များတွင်လည်း မတရားဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများ ထောင်နှင့်ချီ ချုပ်နှောင်ခံနေရသည်။ ၎င်းတို့က သူတို့၏အခွင့်အရေးနှင့် လွတ်လပ်မှုအတွက် ဆက်လက်တောင်းဆိုတိုက်ပွဲဝင်နေသည်။

ဇွန်လ (၁၂) ရက်နေ့ ညနေပိုင်းအချိန်တွင် မွန်ပြည်နယ် ကျိုက်မရောဇဟိုအကျဉ်းထောင်၌ ဆန္ဒပြမှုတစ်ခု ဖြစ်ပွားခဲ့သည်။ မိုးရွာနေစဉ်အချိန်တွင် (၂) ထပ်မြင့် အဆောက်အဦးကို "ဂဟေဆော်" ရန် စေခိုင်းခြင်းခံခဲ့ရသည့် အကျဉ်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း လုံလောက်သည့်ဆေးကုသမှု မပေးသဖြင့် ဆန္ဒပြခဲ့ခြင်း ဖြစ်သည်။ အဆိုပါအကျဉ်းသားသည် "ဂဟေဆော်" စဉ် ဓာတ်လိုက်ပြီး အောက်သို့ပြုတ်ကျကာ သတိမေ့မြော

သွားခဲ့သည်။

၎င်းအတွက် ဆေးကုသမှုပေးရန် နိုင်ငံရေးအကျဉ်းသား များက တောင်းဆိုခဲ့သော်လည်း ထောင်အာဏာပိုင်များက လစ်လျူရှုခဲ့ကြသည်။ အပြင်းအထန်ထိခိုက်ခဲ့သူကို အရေး ပေါ်ကုသမှုပေးရန် ငြင်းဆန်ခဲ့ခြင်းကြောင့် ထောင်ထဲတွင် ဆန္ဒပြမှု ဖြစ်ပွားခဲ့သည်။

ကျိုက်မရောဇဟိုအကျဉ်းထောင်နှင့်နီးစပ်သူတစ်ဦးက ဆန္ဒ ပြမှုသည် ညနေ (၅) နာရီမှ (၇) နာရီအထိ (၂) နာရီကြာ ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ထိခိုက်သူကို မော်လမြိုင်ပြည် သူ့ဆေးရုံသို့ ပို့ဆောင်ရန် အာဏာပိုင်များက သဘောတူပြီး နောက်ပိုင်း ဆန္ဒပြမှုကို ရပ်ဆိုင်းခဲ့သည်။

၎င်းအဖြစ်အပျက်ပြီးနောက် ဇွန်လ (၁၃) ရက်နေ့ မနက်ပိုင်း တွင် ကျိုက်မရောဇဟိုအကျဉ်းထောင်သို့ စစ်ကောင်စီ တပ်ဖွဲ့ ဝင်များ အများအပြား ဝင်ရောက်လာပြီး လုံခြုံရေးကို တိုးမြှင့် တိုက်ကြောင်း အကျဉ်းထောင်နှင့်နီးစပ်သည့် သတင်းရင်းမြစ် က ပြောသည်။

ဇွန်လ (၁၅) ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံရေးအကျဉ်း သူအကျဉ်းသား (၁၄၆) ဦးကို ကျိုက်မရောဇဟို အကျဉ်းထောင်မှ ရွှေ့ပြောင်းခဲ့သည်။ **“မွန်ပြည်နယ်ညွှန် ချုပ် ဇော်မျိုးအောင်က အပြောင်းအရွှေ့ကို တိုက်ရိုက် ညွှန်ကြားတာလို့ သိရတယ်။ နိုင်ငံရေးအကျဉ်းသားတွေ ကို သာယာဝတီထောင်ကို ပို့ပြီး နိုင်ငံရေးအကျဉ်းသူတွေ ကိုတော့ (ပဲခူးက) ဒိုက်ဦး အကျဉ်းထောင်ကို ပို့လိုက် တယ်”** ဟု အကျဉ်းထောင်နှင့်နီးစပ်သည့် သတင်းရင်းမြစ် က ပြောသည်။

အခြားသတင်းရင်းမြစ်တစ်ခုကလည်း **“ဓာတ်လိုက်ခံ ရတဲ့အကျဉ်းသားက အောင်ချစ်ထွေးလို့ ခေါ်တယ်။ အမျိုးသမီးအဆောင်က အမြင့်ပေ (၂၀) ကနေ ပြုတ် ကျတာ။ သူတို့ ပြင်ပဆေးရုံပို့ဖို့ နှောင့်နှေးနေတော့ နိုင် ကျဉ်းသူတွေက ချက်ချင်းဆေးကုသမှုပေးဖို့ ညွှန်ချုပ်ဇော် မျိုးအောင်က တာဝန်ယူတာဝန်ခံပေးဖို့ တောင်းဆိုခဲ့ကြ တယ်”** ဟု ပြောသည်။

ထိခိုက်ပြီး (၁) နာရီခွဲခန့်အကြာမှပင် အဆိုပါအကျဉ်းသား ကို မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဒဏ်ရာကြောင့် ဦးနှောက်ကိုခွဲစိတ်ရမည့် အခြေအနေ တွင် ရှိနေသည်။ ဖမ်းဆီးထားသူများကို လုံလောက်သည့် စောင့်ရှောက်မှုမပေးခြင်း၊ နိုင်ငံရေးအကျဉ်းသားများကို ဆေးကုသမှုပေးရန် ငြင်းဆန်ခြင်းကဲ့သို့သော ချိုးဖောက် မှုများသည် အကျဉ်းထောင်များတွင် ပိုမိုဆိုးရွားစွာဖြစ်ပွား နေသည်။

ပြင်ပဆေးရုံတွင် ဆေးကုသမှုခံယူရန် လိုအပ်နေသည့် နိုင်ငံရေးအကျဉ်းသားများကို ထောင်အာဏာပိုင်များ က အခြားအကျဉ်းသားများထက် ပိုမိုဖိနှိပ်နေကြောင်း “CDM” လုပ်ခဲ့သူ ထားဝယ်အကျဉ်းထောင်မှ သူနာပြုတစ် ဦးက ပြောသည်။

နိုင်ငံရေးအကျဉ်းသူအယောက် (၈၀) ကျော်ကို အကျဉ်းထောင်အတွင်းသို့ တရားမဝင်ဆေးဝါး၊ မူးယစ်ဆေး နှင့် လက်ကိုင်ဖုန်းများ ယူဆောင်လာသည်ဟု စစ်ကောင်စီ က စွပ်စွဲခဲ့သည်။

၎င်းတို့ကို ရာဘာတုတ်၊ သစ်သားတုတ်များဖြင့် ရိုက်နှက် ခဲ့သည့်အပြင် လေးခွများဖြင့်ပါ ပစ်ခတ်ခဲ့သည်။ အကျဉ်း သူ (၅) ဦးထက်မနည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ အခြားအကျဉ်းသူ (၃၀) ကျော်ကိုလည်း တိုက်ပိတ်ခဲ့ သည်။

စစ်ကောင်စီလက်အောက်ရှိ အကျဉ်းထောင်များတွင် လူ့အခွင့်အရေးချိုးဖောက်မှုများသည် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေကြောင်း မွန်ပြည်လူ့အ ခွင့်အရေးဖောင်ဒေးရှင်းက ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အသက် (၄၃) နှစ်အရွယ် ကိုရာရှင်သည် အကျဉ်းထောင် တွင် ရိုက်နှက်ခံရသည့်အပြင် အချိန်မီဆေးကုခွင့်ရရန် လည်း ငြင်းဆန်ခံ ခဲ့ရသည်။

## ဇွန်လ ၂၀၂၄

အကျဉ်းထောင်နှင့် အချုပ်ခန်းများတွင် ဖမ်းဆီးထိန်းသိမ်းထားသူများကို လူမဆန်စွာဆက်ဆံခြင်းသည် စစ်တပ်က ပြစ်ဒဏ်ကင်းလွတ်ခွင့်ရသည့်အခြေအနေ၏ အကျိုးဆက်တစ်ခု ဖြစ်သည်။ အကြမ်းဖက်စစ်ကောင်စီက ပြည်သူတို့၏ ရပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်ငြင်းဆန်နေသဖြင့် ပြည်သူများမှာ အကြောက်တရားအောက်တွင် ရှင်သန်နေ ကြရသည်။

စစ်ကောင်စီလက်အောက်ခံ အကျင့်ပျက်ခြစားနေသည့် တရားရုံးများနှင့် တရားသူကြီးများကလည်း တရားမျှတမှုကို မျက်ကွယ်ပြုနေခြင်းအတွက် တာဝန်ယူတာဝန်ခံရမည် ဖြစ်သည်။ လူ့အခွင့်အရေးနှင့် တရားဥပဒေများကို လစ်လျူရှုခြင်းအတွက် ပြစ်ဒဏ်ကျခံရမည် ဖြစ်သည်။

အဓိပ္ပာယ်ရှိပြီး လက်တွေ့ကျသည့် ချဉ်းကပ်မှုများ၊ ဖြေရှင်းမှုများ ကင်းမဲ့နေသရွေ့ စစ်ကောင်စီသည် နောက်ဆက်တွဲအကျိုးဆက်များကို ရှောင်လွှဲနေဦးမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏အနာဂတ်သည် ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်းနှင့် လူသားအားလုံးအတွက် တန်းတူညီမျှခြင်းကို ယုံကြည်သည့်သူများ၏လက်ထဲတွင်သာ တည်ရှိရမည် ဖြစ်သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အနဲ့ရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ ဇွန်လအကုန်တွင် မတရားဖမ်းဆီးခံရမှု (၆၅) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၃၉) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၆၈) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၂၄) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၄ ဇွန်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဇွန်လ၂၀၂၄




**2+**

စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ

# 8

## ၂၀၂၄ ဇွန်လတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 4 | 3 | 1 |
| --- | --- | --- |
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၂၈,၅၀၀+

### စီမံကိန်းဧရိယာအတွင်းရှိ စစ်ဘေးရှောင်ပြည်သူဦးရေ

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 4+ | 3+ | 14+ |
| --- | --- | --- |
| အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနဖျောက်လိုက်သည့် ပြည်သူများဦးရေ |

# 23+

လေကြောင်းတိုက်ခိုက်မှု (၂၃) ကြိမ်အပြင် လက်နက်ကြီးဖြင့်
ရမ်းသမ်းပစ်ခတ်မှု (၃၀၀) ကျော်ကိုလည်း စစ်ကောင်စီက ပြုလုပ်ခဲ့သည်။

**140+**

ထိခိုက်ပျက်စီးခဲ့သော
လူနေအိမ်အရေအတွက်

**15+**

ထိခိုက်ပျက်စီးခဲ့သော
နေရာအရေအတွက်

**90+**

မတရားဖမ်းဆီးသိမ်းယူခဲ့သော
လက်ကိုင်ဖုန်းအရေအတွက်

**2+**

မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်
အရေအတွက်

**20+**

စစ်ကောင်စီကသိမ်းယူခဲ့သော
မော်တော်ယာဉ်အရေအတွက်

ဇွန်လပထမအပတ်တွင် မွန်ပြည်နယ် ဘီးလင်းနှင့် သထုံမြို့နယ်များ၌ စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများ လုပ်ဆောင်ခဲ့ပြီး ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းအပါအဝင် နေအိမ် (၁၂) လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အခိုင်နှင့် သုံးခွကျေးရွာကြားရှိ ကျောက်ထုကွင်းတွင် စစ်ကောင်စီက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျရောက်ပေါက်ကွဲပြီး ကလေးငယ် (၂) ဦး သေဆုံးခဲ့ရသည်။

## ကရင်ပြည်နယ်

- IDP 8,500 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 25 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

## မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

ချောင်းနှစ်ခွဒေသတွင် မြေမြှုပ်မိုင်းများထောင်ထားခြင်းကြောင့် ဒေသခံပြည်သူများမှာ နေရပ်မပြန်နိုင်သေးချေ။ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွဒေသမှ ဒေသခံပြည်သူများက နေရပ်ပြန်နိုင်ရန် အကြိမ်ကြိမ်တောင်းဆိုနေသော်လည်း မြေမြှုပ်မိုင်းများရှိနေခြင်းကြောင်း ကျေးရွာများအတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်ရန် မဖြစ်နိုင်ကြောင်း စစ်ကောင်စီက ပြောဆိုခဲ့သည်။

စစ်ကောင်စီက မြေမြှုပ်မိုင်းကိုအကြောင်းပြကာ စစ်ရှောင်ပြည်သူများ၏နေအိမ်များမှ အဖိုးတန်ပစ္စည်းများကို ခိုးယူ,ယူဆောင်နေကြသည်။

နိုဝင်ဘာ (၁၀) ရက်နေ့ မနက်ပိုင်းတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့က ချောင်းနှစ်ခွရဲစခန်းနှင့် တံတားရှိစစ်ဆေးရေးဂိတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာမှ တိုက်ပွဲစတင်ဖြစ်ပွား ခဲ့သည်။

အဆိုပါတိုက်ပွဲသည် ရက်ပေါင်း (၅၀) ကျော် ကြာမြင့်ခဲ့ပြီး ကျေးရွာတစ်ခုလုံး ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွနှင့် ပုတီးကုန်း၊ မရမ်းကုန်း၊ သရက်ကုန်း၊ ဘုရားကုန်း၊ တံတားဦးနှင့် တောင်ကလေးစသည့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူ (၄,၀၀၀) ကျော်လည်း စစ်ဘေးရှောင်နေကြရသည်။

တိုက်ပွဲအတွင်း ထောင်ပေါင်းများစွာသော နေအိမ်များကို စစ်ကောင်စီတပ်သားများက ဖောက်ထွင်းလုယက်ခဲ့ပြီး ဒေသခံပြည်သူများကို ဖမ်းဆီးရိုက်နှက်ခဲ့ကြောင်း ချောင်းနှစ်ခွ၊ တောင်ကလေးနှင့် လှကဇိုင်းဒေသခံ (၁၀) ဦးကျော်က မျက်မြင်တွေ့ရှိခဲ့သည်။

စစ်ကောင်စီက လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်ပြီး နေအိမ်များကို မီးလောင်တိုက်သွင်းကာ ဒေသခံပြည်သူများကို ထိခိုက်ဒဏ်ရာရစေခဲ့သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ချောင်းနှစ်ခွဒေသကို စစ်ကောင်စီတပ်ဖွဲ့က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သော်လည်း ဒေသခံပြည်သူများမှာ (၈) လကျော်ကြာမြင့်သည်အထိ အိမ်မပြန်နိုင်ကြသေးချေ။

နေရပ်ပြန်ရန်ကြိုးစားနေသူများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သည်။ ကျေးရွာများတွင် မြေမြှုပ်မိုင်းများ ရှိနေခြင်းကြောင့် လုံခြုံမှုမရှိဟုဆိုကာ စစ်ရှောင်များနေရပ်ပြန်ရေးကို စစ်ကောင်စီက နှောင့်နှေးစေခဲ့သည်။

ကျိုက်မရောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့က အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း နေရပ်ပြန်ရေး အကြောင်းမထူးသေးကြောင်း ဒေသခံများက ပြောသည်။ ချောင်းနှစ်ခွဒေသမှ စစ်ဘေးရှောင်ပြည်သူများသည် အခက်အခဲ အကြပ်အတည်းအမျိုးမျိုးကြုံတွေ့နေရပြီး တချို့မှာ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။

အချိန်ကြာလာသည်နှင့်အမျှ စစ်ဘေးရှောင်ဦးရေသည် (၄,၀၀၀) မှ လျော့ကျလာသည်။ နိုင်ငံရပ်ခြားသို့သွားရောက်အလုပ်လုပ်ကိုင်သူများနှင့် အခြားဒေသသို့သွားရောက်အခြေချသူများကြောင့် စစ်ရှောင်ဦးရေသည် (၂,၀၀၀) ဝန်းကျင်သာ ကျန်ရှိတော့ကြောင်း စစ်တမ်းအရ သိရှိရသည်။

အဆိုပါလက်ကျန်စစ်ဘေးရှောင်များသည် မွန်ပြည်နယ် မော်လမြိုင်၊ မုဒုံနှင့် ကျိုက်မရောမြို့နယ်များရှိ နီးစပ်ရာဆွေမျိုး မိတ်ဆွေများ၏နေအိမ်များ၊ ဘုန်းတော်ကြီးပညာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများတွင်

ခိုလှုံနေရသည်။

ချောင်းနှစ်ခွတိုက်ပွဲအတွင်း ဒေသခံပြည်သူ (၁၀) ဦးကျော် သတ်ဖြတ်ခံခဲ့ရပြီး (၂၀) ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နေအိမ်အလုံး (၁၀၀) နီးပါး မီးလောင်ပျက်စီးခဲ့သည်။

## မွန်ပြည်နယ်

- IDP 3,700 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 20 ဦးခန့်
- သေဆုံးသူ 12 ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

ဇွန်လပထမအပတ်တွင် မွန်ပြည်နယ် ဘီးလင်းနှင့် သထုံမြို့နယ်များကို စစ်ကောင်စီက လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းအပါအဝင် နေအိမ် (၁၂) လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

ဇွန်လ (၁) ရက်နေ့တွင် ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် လူနေအိမ် (၁၀) လုံး ပျက်စီးခဲ့သည်။

၄င်းပြင် အမှတ် (၃၁၀) အမြောက်တပ်ရင်းကလည်း လက်နက်ကြီး (၅) လုံးထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုများ ပိုမိုများပြားခဲ့သည်။ လူထိခိုက်မှု မရှိသော်လည်း ဒေသခံပြည်သူများမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ ရသည်။

ဇွန်လ (၃) ရက်နေ့တွင် သထုံအခြေစိုက် အမှတ် (၉) ခြေမြန်တပ်ရင်းက ရေဝေကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းထဲမှ သာသနိကအဆောက်အဦး (၂) လုံး မီးလောင်ပျက်စီးခဲ့သည်။

စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်နေသည့် ရွှေရောင်ပြနှင့် ရေဝေကျေးရွာများသည် သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ တပ်မဟာ (၁) နယ်မြေတွင် တည်ရှိနေပြီး ကရင်လူမျိုးအများစုနေထိုင်ရာ ကျေးရွာများ ဖြစ်သည်။

ပြီးခဲ့သည့်မေလ (၂၄) ရက်နေ့တွင်လည်း စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ဘီးလင်းမြို့နယ် တောင်သူဌေးကုန်းကျေးရွာမှ အရပ်သားပြည်သူ (၂) ဦး သေဆုံးပြီး (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၄င်းပြင် နေအိမ် (၁၀) လုံးလည်း ပျက်စီးခဲ့ရသည်။

မွန်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခကြောင့် ပညာသင်ကြားရေးတွင် အဟန့်အတားဖြစ်နေပြီး ကလေးသူငယ်များ၏ ပညာရေးမှာ နှောင့်နှေးခဲ့ရသည်။

မွန်-ကရင် ဂျိုင်းမြစ်ဒေသတစ်လျှောက်ရှိ ကော့ဘိန်း၊ ကော့ပေါက်နှင့် ကော့ပလိုင်းကျေးရွာများမှ စာသင်ကျောင်းအများစုသည် လုံခြုံရေးအခြေအနေကြောင့် ပိတ်ထားရဆဲဖြစ်သည်။

မတ်လနောက်ဆုံးအပတ်မှစ၍ တိုက်ပွဲများကြောင့် လုံခြုံမှုကင်းမဲ့လာပြီး ကျောင်းသားမိဘများက ၄င်းတို့၏သားသမီးများကို ကျောင်းသို့စေလွှတ်ခြင်း မပြုတော့ချေ။

ရလဒ်အားဖြင့် ဒေသတွင်းရှိ အစိုးရကျောင်း (၃၀) အပါအဝင် စာသင်ကျောင်းအများအပြား ပိတ်သိမ်းထားရသည်။ ဒေသတွင်းရှိ ကလေးသူငယ်များသည် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင်သာ မွန်စာပေသင်ယူနေရသည်။

ဒေသခံပြည်သူတစ်ဦးက “လုံခြုံရေး စိုးရိမ်ရလို့ ကော့ဘိန်း၊ ကော့ပေါက်နဲ့ ကော့ပလိုင်းက စစ်ကောင်စီကျောင်းတွေ လည်း မဖွင့်နိုင်သေးဘူး။ ဒီဒေသက တိုက်ပွဲဖြစ်နေတုန်းဆိုတော့ ဆရာဆရာမတွေလည်း မလာဘူး။ ကျောင်းသားမိဘ တွေလည်း သူတို့ကလေးကို ကျောင်းပို့ဖို့ ဝန်လေးနေကြတယ်” ဟု ပြောသည်။

ဒေသတွင်းရှိ စာသင်ကျောင်း (၅၀) ရာခိုင်နှုန်းခန့်သာ ကျောင်းဖွင့်နိုင်ကြသည်။ ကော့သပ်၊ ကော့စွယ်နှင့် တရနာကျေးရွာများတွင်သာ ကျောင်းဖွင့်နိုင်သည်။

ကျောင်းဖွင့်နိုင်သော်လည်း ကျောင်းသားကျောင်းသူ အရေအတွက်မှာ သိသိသာသာကျဆင်းလာသည်။ ကျောင်းရပ်နား လိုက်သည့်ကလေးများ ရှိသကဲ့သို့ မြို့ပေါ်ရှိစာသင်ကျောင်းများသို့ ပြောင်းရွှေ့သွားသည့် ကျောင်းသားကျောင်းသူ များလည်း ရှိသည်။ တချို့ကလေးငယ်များသည် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ကျောင်းဆရာဆရာမတစ်ဦးက “မနှစ်က အထက်တန်းမှာ ကျောင်းသား (၁,၅၀၀) လောက် ရှိတယ်။ ဒီနှစ်က (၅၀၀) ပဲ ရှိတော့တယ်” ဟု ပြောပြသည်။

လုံခြုံရေးစိတ်မချရမှုကြောင့် ဒေသတွင်းရှိ မွန်အမျိုးသားစာသင်ကျောင်းများကိုလည်း ပိတ်ထားရသည်။ ၎င်းပြင် စစ်ကောင်စီတပ်သား အယောက် (၂၀) ဝန်းကျင်က စစ်ဆေးရေးဂိတ်ဖွင့်လှစ်ပြီး အသွားအလာကန့်သတ်ခြင်းနှင့် ခရီးသွားပြည်သူများထံမှ ငွေကြေးအတင်းအဓမ္မတောင်းခံခြင်းများ ပြုလုပ်နေသည့်အပြင် ရမ်းသမ်းပစ်ခတ်မှုများ လည်း လုပ်ဆောင်နေသည်။

၂၀၂၁ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ပညာရေးကဏ္ဍတွင် ကြီးမားသည့်အဟန့်အတားများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံတဝန်းလုံးရှိ ကလေးသူငယ် (၆) သန်းခန့်မှာ လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေပြီး (၄) သန်းခန့်မှာ ပညာသင်ခွင့် ဆုံးရှုံးနေကြသည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာတွင် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် သံဃာတော် (၂) ပါးအပါအဝင် ဒေသခံ (၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများနှင့် သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ပြောဆိုသည်။

ဇွန်လ (၂၁) ရက်နေ့တွင် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက ခရွဲကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ၁၂၀ မမ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးကျည်များသည် ခရွဲကျေးရွာ တောင်ပိုင်းဘုန်းတော်ကြီးကျောင်းအနီးရှိ လူနေအိမ်များတဝိုက် ကျရောက်ပေါက်ကွဲခဲ့သည်။

လက်နက်ကြီးပေါက်ကွဲမှုကြောင့်ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော် (၁) ပါးသည် မစိုးရိမ်ဒဏ်ရာ ရရှိခဲ့သည်။ နေအိမ် (၃) လုံး ပျက်စီးခဲ့သည်။

ကျိုက်ထိုမြို့နယ်တွင် စစ်ကောင်စီတပ်သားများသည် လက်နက်ကြီးများကို နေ့စဉ်ရက်ဆက် ပစ်ခတ်နေပြီး ကျေးရွာ (၁၀) ရွာမှ ဒေသခံပြည်သူများမှာ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။

ဇွန်လ (၂၀) ရက်နေ့တွင် ပိန္နဲကုန်းကျေးရွာအနီး၌ စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကျေးရွာဆေးပေးခန်းတစ်ခုကို စစ်ကောင်စီတပ်သားများက မီးရှို့ဖျက်ဆီးခဲ့သည်။

ဇွန် (၂၅) ရက်နေ့ ည (၈) နာရီတွင် စစ်တောင်းစက္ကူစက်ရုံတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများက ပစ်ခတ်လိုက်သည့် လက်နက်ကြီးသည် အခိုင်ကျေးရွာရှိ ဦးဆန်းဝင်း၏နေအိမ်ရှေ့တွင် ကျရောက်ပေါက်ကွဲခဲ့သည်။

လက်နက်ကြီးပေါက်ကွဲမှုကြောင့် အသက် (၂၀) အရွယ် မလှယမင်း သေဆုံးခဲ့ပြီး ဦးဆန်းဝင်းနှင့် အသက် (၁၂) နှစ်အရွယ် သမီးဖြစ်သူ မဖြူစင်မိုးတို့ ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများကို သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) နယ်မြေတွင် ဆေးကုသမှုပေးလျက်ရှိသည်။

လက်နက်ကြီးဖြင့် တိုက်ခိုက်ခံရသည့် အခိုင်ကျေးရွာသည် သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ လက်အောက်တွင် တည်ရှိပြီး ကရင်လူမျိုးအများစုနေထိုင်သည့်ကျေးရွာ ဖြစ်သည်။ ဒေသခံများ၏ ပြောကြားချက်အရ ပြီးခဲ့သည့်မေလမှစ၍ သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး လက်အောက်ရှိ လူနေကျေးရွာများကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပုံမှန်ပစ်ခတ်တိုက်ခိုက်နေသည်။

ဇွန် (၂၁) ရက်နေ့ နံနက်ပိုင်းတွင် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက ပစ်ခတ်လိုက်သည့် လက်နက်ကြီးသည် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာတွင် ကျ

ရောက်ပေါက်ကွဲခဲ့ပြီး အသက် (၆၀) အရွယ်နှင့် အသက် (၃၀) အရွယ် အမျိုးသမီး (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နေအိမ် (၂) လုံးလည်း ထိခိုက်ပျက်စီးခဲ့သည်။

ဧင်းပြင် ဇွန်လ (၂၁) ရက်နေ့ နေ့ခင်း (၃) နာရီအချိန်တွင် အမှတ် (၃၁၀) အမြောက်တပ်ရင်းက နောက်ထပ်လက်နက်ကြီး (၂) လုံး ထပ်မံပစ်ခတ်ခဲ့ရာ ခရွဲကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များအနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် သံဃာတော် (၂) ပါး၊ အသက် (၇၅) နှစ်အရွယ် အဘိုးအို (၁) ဦးနှင့် အမျိုးသမီး (၁) ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး သာသနိကအဆောက်အဦးအများအပြားနှင့် လူနေအိမ် (၁) လုံး ထိခိုက်ပျက်စီးခဲ့သည်။

အလားတူပင် ဇွန်လ (၁၄) ရက်နေ့တွင်လည်း အမှတ် (၃၁၀) အမြောက်တပ်ရင်းက လက်နက်ကြီးပစ်ခတ်ခဲ့ရာ အခိုင်နှင့် သုံးခွကျေးရွာကြားရှိ ကျောက်ထုကွင်းအနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ကလေးငယ် (၁) ဦး သေဆုံးပြီး ဒေသခံ (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကျိုက်ထိုမြို့နယ်တွင် ဇွန်လတစ်လျှောက်လုံး လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး အရပ်သားပြည်သူ (၂) ဦး သေဆုံးကာ ဒေသခံ (၁၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 16,000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 23 ဦးခန့်
- သေဆုံးသူ 14 ဦးခန့်

ကရင်ပြည်နယ်

မွန်ပြည်နယ်

ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့နှင့် အနီးအနားကျေးရွာများကို မောရဝတီရေတပ်စခန်းဌာနချုပ်က လက်နက်ကြီးများဖြင့် အဆက်မပြတ်ပစ်ခတ်နေသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အရပ်သားထိခိုက်သေဆုံးမှု ဖြစ်ပွားနေပြီး နေအိမ်များလည်း မီးလောင်ပျက်စီးခဲ့သည်။ ဒေသခံပြည်သူများမှာလည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

ဇွန်လ (၇) ရက်နေ့ ည (၉) နာရီခွဲတွင် မိကျောင်းလှောင်ရွာသစ်ပေါ်သို့ လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေါ်သန့်ဇင်အမည်ရှိ သက်လတ်ပိုင်းအမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဝမ်းဗိုက်နှင့် ခြေထောက်တွင် ထိခိုက်ခဲ့သော်လည်း လမ်းများပိတ်ဆို့ထားခြင်းကြောင့် ဆေးရုံသို့ သွားရောက်နိုင်ခြင်း မရှိချေ။

ၺင်းနေ့အစောပိုင်းတွင် ရာဖူးကျေးရွာအနီးတွင်ဖြစ်ပွားသည့် တိုက်ပွဲကြောင့် ကလေးငယ် (၁) ဦးအပါအဝင် မိသားစုဝင် (၃) ဦး သေဆုံးပြီး အခြား (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ မေလနှောင်းပိုင်းတွင်လည်း အလားတူတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး အရပ်သားထိခိုက်ခြင်း၊ သာသနိကအဆောက်အဦးများ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေးအဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့သည်။

မေလ (၁၄) နှင့် (၂၀) ရက်နေ့ကြားတွင် ကနက်သီရိကျေးရွာအနီး၌ စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပူးပေါင်းတပ်တို့အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီတပ်များ ဆုတ်ခွာသွားပြီးနောက် ကျွဲမင်းကုန်းကျေးရွာတွင် ထိတွေ့မှု ထပ်မံဖြစ်ပွား ခဲ့သည်။

စစ်ကောင်စီတပ် ဆုတ်ခွာသွားပြီးနောက် ဒေသခံပြည်သူများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက မေလ (၂၇) ရက်နေ့နောက်ပိုင်းတွင် ရှင်းလင်းရေးလုပ်ငန်းများလုပ်ဆောင်ခဲ့ရာ၌ အလောင်း (၈) လောင်း တွေ့ရှိခဲ့သည်။ ၎င်းပြင် ကနက်သီရိကျေးရွာမှ နေအိမ် (၄၈) လုံးလည်း မီးလောင်ပျက်စီးခဲ့သည်။ မေလ (၁၆) ရက်နေ့ တိုက်ပွဲတွင်လည်း ဒေသခံ (၁) ဦး သေဆုံးခဲ့သဖြင့် ကနက်သီရိကျေးရွာမှ သေဆုံးသူအရေအတွက်မှာ (၉) ဦးအထိ ရှိခဲ့သည်။ ကျွဲမင်းကုန်း ကျေးရွာတွင်လည်း အလောင်း (၂) လောင်းကို တွေ့ရှိခဲ့ပြီး နေအိမ် (၉) လုံး မီးလောင်ပျက်စီးခဲ့သည်။

သတ်ဖြတ်ခံရသူများမှာ ကနက်သီရိကျေးရွာမှ အသက် (၆၀) ကျော် ဦးမောင်စိုး၊ အသက် (၅၀) အရွယ် ဦးလာဖွန်ကြီး၊ အသက် (၄၀) ကျော် ဦးအောင်နိုင်၊ အသက် (၄၇) နှစ်အရွယ် ဦးအောင်သန်းခိုင်နှင့် ကျွဲမင်းကုန်းကျေးရွာမှ အသက် (၂၈) နှစ်အရွယ် ကိုလားရှည်တို့ ဖြစ်ကြသည်။

အခြားရုပ်အလောင်းများသည် မည်သူမည်ဝါဖြစ်ကြောင်း မသိရှိရသေးချေ။ ကနက်သီရိကျေးရွာမှ ဦးစစ်ရွှတ်နှင့် ကျွဲမင်းကုန်းကျေးရွာမှ အသက် (၄၀) ကျော်အရွယ် ဦးလာမိုးပြာတို့သည် ဇွန်လ (၄) ရက်နေ့အထိ ပျောက်ဆုံးနေကြောင်း ဒေသခံများက ပြောသည်။ ဦးစစ်ရွှတ်၏ မော်တော်ဆိုင်ကယ်နှင့် အဝတ်အစားများကို ကမ်းစပ်နားက သစ်တောတွင် တွေ့ရှိခဲ့သဖြင့် ၎င်းသည် အသတ်ခံလိုက်ရပြီဖြစ်ကြောင်း ရွာသားများက ယူဆနေကြသည်။ ကိုလာမိုးပြာသည်လည်း မီးလောင်းကျွမ်းထားသည့်ရုပ်အလောင်းများတွင် ပါဝင်နေကြောင်း ရွာသားများက ထင်မြင်ယူဆနေကြသည်။

သတ်ဖြတ်ခံရသူများသည် တိုက်ပွဲအတွင်းပိတ်မိနေသူများ ဖြစ်ပြီး နေအိမ်သို့ အသုံးအဆောင်ပစ္စည်းများ လာရောက်ယူဆောင်စဉ် စစ်ကောင်စီတပ်က ဖမ်းဆီးသတ်ဖြတ်လိုက်ခြင်း ဖြစ်သည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရွာသားများကို ပစ်သတ်ကာ အလောင်းကို မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အလောင်း (၈) လောင်းကို အတည်ပြုနိုင်သော်လည်း အခြားအလောင်း (၄) လောင်းကိုမူ မည်သူမည်ဝါဖြစ်သည်ကို မသိရှိရချေ။

ဇွန်လ (၁၃) ရက်နေ့အထိ စစ်ကောင်စီတပ်သားများသည် တနင်္သာရီတိုင်း ရေဖြူမြို့နယ် အထူးသဖြင့် ရာဖူးကျေးရွာသစ်နှင့် သာယာမွန်ကျေးရွာများတွင် လှုပ်ရှားနေပြီး နေအိမ်များကို ချိပ်ပိတ်ကာ အဖိုးတန်ပစ္စည်းများကို ခိုးယူနေသည်။ အဆိုပါကျေးရွာများတွင် ဇွန်လ (၆) ရက်နေ့မှ (၉) ရက်နေ့အထိ စစ်ကြောင်းထိုးခဲ့ပြီး လူနေအိမ်များတွင် စခန်းချတပ်စွဲခဲ့သည်။

၎င်းပြင် ရာဖူးကျေးရွာတွင် နေအိမ် (၂) လုံးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်သွယ်သည်ဟုဆိုကာ သိမ်းယူပြီး တပ်စွဲစခန်းချခဲ့ကြောင်း ရာဖူးဒေသခံတစ်ဦးက ပြောသည်။

"ဗမာစစ်သားတွေကတော့ အဲဒီရွာတွေမှာ အဖွဲ့လိုက်ခွဲပြီး ဝင်လိုက်ထွက်လိုက် လှုပ်ရှားနေတာပဲ။ လူနေအိမ်တွေ မှာလည်း စခန်းချတပ်စွဲတယ်။ ရာဖူးက အိမ် (၂) လုံးကိုလည်း ချိပ်ပိတ်သိမ်းယူလိုက်တယ်။ အိမ်ထဲက ပစ္စည်းအားလုံးကို ကားနဲ့သယ်ပြီး အဲအိမ်မှာ ဝင်နေ,နေတယ်" ဟု ရာဖူးဒေသခံက ပြောသည်။

ချိပ်ပိတ်သိမ်းယူထားသည့်နေအိမ် (၂) လုံးမှ အဖိုးတန်ပစ္စည်းများကို ကုန်တင်ကားဖြင့် သယ်ယူသွားကြောင်း ဒေသခံများက ပြောသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို ကူညီထောက်ပံ့ပါက ဖမ်းဆီးခံရမည်ဖြစ်ကြောင်း ဒေသခံပြည်သူများကို စစ်တပ်

က ခြိမ်းခြောက်ထားသည်။

"စစ်တပ်က စစ်ဘေးရှောင်တွေ ပြန်လာဖို့ ခေါ်နေတယ်။ ပြန်မလာရင် အိမ်ကို သိမ်းမယ်၊ မီးရှို့ပစ်မယ် ခြိမ်းခြောက် တယ်။ တချို့က ပြန်သွားပေမဲ့ အများစုက PDF တွေကို ထောက်ပံ့တယ်ဆိုပြီး အဖမ်းခံရမှာကြောက်လို့ မပြန်ရဲကြဘူး" ဟု အခြားရာဖူး ဒေသခံတစ်ဦးက ပြောသည်။

ရာဖူးရွာသစ်၊ ရာဖူးနှင့် သာယာမွန်ကျေးရွာများတွင် ဝင်ရောက်တပ်စွဲထားသည့်အပြင် ဇွန်လ (၇) ရက်နေ့တွင် စစ်ကောင်စီရေတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူများမှာ ထွက်ပြေးတိမ်းရှောင်ရပြန်သည်။

လက်နက်ကြီးပေါက်ကွဲမှုကြောင့် ရာဖူးကျေးရွာမှ အသက် (၄၀) အရွယ် ဇနီးမောင်နှံနှင့် (၁၀) နှစ်အရွယ် ကလေးငယ် (၁) ဦး သေဆုံးခဲ့ရသည်။

ဇွန်လ (၁၄) ရက်နေ့ မနက်ပိုင်းတွင် ထားဝယ်မြို့နယ် နည်းပညာတက္ကသိုလ်အနီးရှိ မောင်မယ်ရှောင်ကျေးရွာကို စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်းပြီး ရွာသားအများအပြားကို ဖမ်းဆီးကာ သက်ကြီးပိုင်းအမျိုးသားတစ်ဦးကို သတ်ဖြတ်ခဲ့သည်။

အဆိုပါအဖြစ်အပျက်သည် မနက် (၅) နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စစ်ကောင်စီတပ်သား (၁၀၀) ဝန်းကျင်သည် ကျေးရွာထဲသို့ ဝင်ရောက်လာခဲ့သည်။ ထို့နောက် မကြာမီပင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ မနက် (၁၁) နာရီတွင် တိုက်ပွဲပြင်းထန်လာပြီး (၂) မိုင်ကျော် ကွာဝေးသည့် ဇာဟာကျေးရွာ အခြေစိုက် အမှတ် (၃၀၂၀ အမြောက်တပ်ရင်းကပါ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ကျေးရွာကို ဝင်ရောက်စီးနင်းချိန်တွင် ရွာသားအများအပြားနှင့် ခရီးသွားများကို ဖမ်းဆီးစစ်ဆေးခဲ့ပြီး ဖမ်းဆီးခံရသူ အရေအတွက်အတိအကျကိုမူ မသိရှိရချေ။ "ရွာသားတွေရဲ့ ဖုန်းကို ရှာတယ်။ (၁၀) ယောက်လောက် အဖမ်းခံလိုက် ရတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်က ညနေ (၃) နာရီအထိ ရှာဖွေစစ်ဆေးမှုများကို တစ်အိမ်တက်တစ်အိမ်ဆင်း လုပ်ဆောင်ခဲ့သည်။ မောင်မယ်ရှောင်ကျေးရွာအရှေ့ပိုင်းမှ အသက် (၈၀) အရွယ် ဦးလှမြင့်ကို ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့ရသည်။

"သူ့ကို အိမ်မှာ ဒဏ်ရာတွေနဲ့ သေဆုံးလျက်တွေ့တယ်လို့ လူတွေက ပြောတယ်။ သူက ပစ်သတ်ခံရတာ" ဟု ဒေသခံသတင်းရင်းမြစ်တစ်ခုက ပြောသည်။

စစ်တပ်က ကျေးရွာကို ဝင်ရောက်စီးနင်းပြီးနောက်ပိုင်း ရွာသားများက နီးစပ်ရာနေရာများသို့ တိမ်းရှောင်သွားကြသည်။ တချို့တလေသာ ကျေးရွာတွင် ကျန်နေရစ်ကြ

သည်။ စစ်တပ်က ဝင်ရောက်တပ်စွဲထားခြင်းနှင့် ထားဝယ်-ရေဖြူလမ်းပိုင်းတွင် တိုက်ပွဲများ မကြာခဏဖြစ်ပွားနေခြင်းတို့ကြောင့် မောင်မယ်ရှောင်ဒေသခံအများစုသည် နှစ်ဆန်းပိုင်းမှစ၍ ထားဝယ်မြို့နှင့် အခြားမြို့များသို့ ပြောင်းရွှေ့သွားကြသည်။

အခြေအနေက ဆက်လက်တင်းမာနေဆဲဖြစ်ပြီး စစ်ကောင်စီတပ်က မောင်မယ်ရှောင်ကျေးရွာကို လက်နက်ကြီးဖြင့် မကြာခဏပစ်ခတ်တိုက်ခိုက်နေသည်။ ဇွန်လ (၁၂) ရက်နေ့ ညနေပိုင်းတွင် ထားဝယ်မြို့အဝင်ရှိ စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ် တိုက်ခိုက်ခံရသည်။ တိုက်ပွဲသည် (၁၀) မိနစ်မျှ ကြာမြင့်ခဲ့သည်။

ဇွန်လ (၁၇) ရက်နေ့တွင် ရေဖြူမြို့နယ် အနောက်မူးဒူးကျေးရွာ ထားဝယ်အထူးစီးပွားရေးဇုန်၌ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲပြီးနောက် မူးဒူးကျေးရွာကို စစ်ကောင်စီတပ်က မီးရှို့ခဲ့သည်။

ဇွန်လ (၁၉) ရက်နေ့ ညနေ (၃) နာရီတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး မိနစ်ပိုင်းသာ ကြာမြင့်သည်ဟု ဆိုသည်။ တိုက်ပွဲပြီးနောက် မကြာမီပင် ကျေးရွာရှိ နေအိမ်များကို မီးရှို့ခဲ့ခြင်းဖြစ်သည်။ “မီးခိုးမည်းမည်းတွေ တွေ့ရတယ်။ အိမ်တွေ မီးလောင်နေတာပေါ့။ စစ်သားတွေက မူးဒူးရွာမှာပဲ” ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုအဖြစ်အပျက်သည် စစ်ကောင်စီက ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအတွက် ရုရှားနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြောင်း ကြေညာပြီး (၂) လအကြာတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ မေလတတိယအပတ်တွင် စီမံကိန်းကို အတူတကွပူးပေါင်းလုပ်ကိုင်မည်ဖြစ်ကြောင်း စစ်ကောင်စီနှင့် ရုရှားနိုင်ငံတို့ သဘောတူညီခဲ့သည်။

အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်က ရုရှားသတင်းဌာနတစ်ခုဖြစ်သည့် ITAR-TASS Media နှင့် တွေ့ဆုံပြောကြားရာတွင် ထားဝယ်ရေနက်ဆိပ်ကမ်းတွင် တန်ချိန် (၂၀၀,၀၀၀) ရှိ သင်္ဘောများ ဆိုက်ကပ်နိုင်ရန်အတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ပြောဆိုခဲ့သည်။

၎င်းသဘောတူညီမှု ရယူပြီးနောက်ပိုင်း စစ်ကောင်စီက ထားဝယ်အထူးစီးပွားရေးဇုန်တွင် နယ်မြေရှင်းလင်းရေးများ စတင်လုပ်ဆောင်လာသည်။

အပြစ်မဲ့ပြည်သူများသည် ၎င်းတို့၏ရပိုင်ခွင့်,အခွင့်အရေးများ မရရှိကြသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ဆက်လက်မြင့်တက်နေဆဲ ဖြစ်သည်။ ဇွန်လ (၂၀) ရက်နေ့တွင် မျောက်ချောကျေးရွာမှ အစားအစာသယ်ယူသူ အမျိုးသား (၄) ဦးကို စစ်တပ်က ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရက်စက်စွာ ရိုက်နှက်ခဲ့သည်။ စစ်တပ်က အဆိုပါဒေသမှ ပြန်လည်ဆုတ်ခွာသွားသည့် နောက်တစ်နေ့တွင် ၎င်းတို့ကို ပြန်လွှတ်ပေးခဲ့သည်။

"အစားအသောက်လာယူတဲ့ အမျိုးသား (၄) ယောက်ကို လက်ပြန်ကြိုးတုပ်ပြီး ရွာထဲကို ဖမ်းခေါ်သွားတယ်။ ရွာကနေ ပြန်ထွက်တော့ ပြန်လွှတ်ပေးလိုက်တယ်။ ဒါပေမဲ့ တစ်ယောက်ကတော့ အခုထိ ပျောက်နေတုန်းပဲ။ အားလုံးက ပြင်းပြင်းထန်ထန် ရိုက်နှက်ခံထားရတယ်။ တစ်ယောက်က ပေါက်ပြားနဲ့ အရိုက်ခံထားရပြီး နောက်တစ်ယောက် ကတော့ ခေါင်းမှာ အရိုက်ခံထားရတယ်။ အရေးပေါ်ဆေးကုသမှု လိုတယ်" ဟု ရေဖြူဒေသခံတစ်ဦးက ပြောသည်။

အလားတူ ဇွန်လ (၂၀) ရက်နေ့တွင် မျောက်ချောကျေးရွာမှ အသက် (၄၀) အရွယ် နိုင်ဖိုင်ကို ကျေးရွာအတွင်း ဆိုင်ကယ်စီးနင်းနေစဉ် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖမ်းဆီးနှိပ်စက်ခဲ့သည်။ ၎င်းသည် ပျောက်ဆုံးနေဆဲ ဖြစ်သည်။

"နိုင်ဖိုင်ကတော့ ပျောက်နေတုန်းပဲ။ (၂၀) ရက်နေ့မှာ ရွာထဲကို ဝင်လာတုန်းက အဖမ်းခံလိုက်ရတာ။ သူ့ဆိုင်ကယ်ကတော့ မီးရှို့ခံလိုက်ရပြီ။ သူအရိုက်ခံရတာကို မြင်တဲ့သူ ရှိတယ်။ ရွာသားအများစုက တောထဲမှာ ပုန်းနေရတာဆိုတော့ သူ့ကို ရှာဖို့မလွယ်ဘူး။ သေသလား ရှင်သလား ဖမ်းခေါ်သွားတာလား လွတ်လာပြီလား ဘာမှမသိရသေးဘူး" ဟု အခြားဒေသခံတစ်ဦးက ပြောသည်။

သတင်းအစအန မရရှိခြင်းကြောင့် ၎င်း၏လုံခြုံရေးအတွက် စိုးရိမ်ပူပန်စရာ ဖြစ်နေသည်။ တော်လှန်ရေးအင်အားစု များနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်က မျောက်ချောကျေးရွာကို လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး ရွာကို မီးရှို့ခဲ့သည်။ နေအိမ် (၃၁) လုံး မီးလောင်ပြာကျခဲ့ကြောင်း ဒေသခံများက ပြောသည်။

ဇွန်လ (၁၉) ရက်နေ့တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်တို့သည် ရာဖူးကျေးရွာအုပ်စု မျောက်ချောကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲပြီးနောက် စစ်ကောင်စီတပ်က ရေဖြူမြို့နယ် အမှတ် (၈) ပြည်ထောင်စုလမ်းမကြီး အရှေ့ဘက်တွင် အင်အားဖြည့်တင်းလာကြောင်း မွန်ပြည်တော်လှန်ရေးတပ်က ထုတ်ပြန်သည်။

ထားဝယ်ခရိုင် ရေဖြူမြို့နယ်ရှိ ထားဝယ်အထူးစီးပွားရေးဇုန်သည် ပဋိပက္ခနယ်မြေတစ်ခု ဖြစ်လာသည်။ အနီးအနားကျေးရွာများကို စစ်ကောင်စီက စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူ (၇၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။

ဇွန်လ (၂၃) ရက်နေ့ နံနက် (၇) နာရီမှစ၍ ထိန်ကြီး၊ ပရာဒက်နှင့် လဲ့ရှောင်ကျေးရွာများကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေသည်။ ဒေသခံပြည်သူ (၇၀၀) ကျော်သည် အိုးအိမ်စွန့်ခွာကာ ဘေးလွတ်ရာထွက်ပြေးနေရသည်။

စစ်ကောင်စီတပ်ဖွဲ့ဝင် (၁၀၀) ကျော်က တစ်အိမ်တက်တစ်အိမ်ဆင်း ရှာဖွေစစ်ဆေးနေပြီး ရမ်းသမ်းပစ်ခတ်မှုများကို လည်း လုပ်ဆောင်နေသည်။

“စစ်သားတွေ မရောက်ခင်ကတည်းက ရွာသားတွေက ထွက်ပြေးသွားပြီ။ လုံခြုံရေး အခြေအနေကတော့ တကယ့်ကို အန္တရာယ်ရှိနေတယ်။ ရွာသားတွေက စစ်သားတွေ မရောက်နိုင်တဲ့နေရာကို ထွက်ပြေးသွားကြတယ်။ အားလုံးကို ထားခဲ့ရတယ်။ အဝတ် တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်ပြေးခဲ့ရတာ။ အစားအစာနဲ့ သောက်သုံးရေ အခက်အခဲ ဖြစ်နေတယ်” ဟု စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါနေ့ နံနက် (၉) နာရီတွင် မျောက်ချော၊ ရုံးပိုင်းနှင့် ကျောင်းဒိန်းကျေးရွာများကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။

အဆိုပါဒေသတွင် စစ်ကောင်စီက ဆက်လက်စစ်ကြောင်းထိုးနေသဖြင့် အခြေအနေ များသည် ဆိုးရွားနေဆဲဖြစ်သည်။ ရာပေါင်းများစွာသော ဒေသခံပြည်သူများမှာ ထွက်ပြေးတိမ်းရှောင်နေရပြီး ၎င်းတို့အကြား အကြောက်တရားနှင့် ထိခိုက်ခံစားရမှု များ လွှမ်းမိုးနေသည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘောာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

## Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇွန်လ ၂၀၂၄

HURFOM